ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

သတ္တမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် )**

**[သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁ဝ:ဝ၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၄.၅၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁ဝ:ဝ၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁ဝ:ဝ၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝ:ဝ၅။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ ၂၆-၁-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်

ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)၊ မင်းဘူးခရိုင် မြေစစ်အစည်းအဝေး တက်ရောက်ရန်။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေးတက်ရောက်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဥပဒေကြမ်းကော်မတီ အစည်းအဝေးတက်ရောက်။ ဦးသက်နိုင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်းနဲ့ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂) ၎င်းအတိုင်း ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃၆)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၁)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၅၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကတန်ကျွန်းပတ်လမ်း (၄၄ မိုင် ၅ ဖာလုံ) အနက်မှ ကတ္တရာလမ်းခင်းပြီး ကျန်ရှိသော ကျောက်ခင်းလမ်းပိုင်း (၂၁မိုင် ၁ ဖာလုံ)ကို (၁၈)ပေ အကျယ်ကွန်ကရစ်လမ်း ပြုလုပ်ဆောင်ရွက်ပေးရန်နှင့် ကျွန်းစုမြို့၏ တစ်လမ်းတည်းသာရှိသော အဓိက လမ်းမကြီး တစ်မိုင်အား မြို့နယ်စည်ပင်သာယာရေးထံမှ လွှဲပြောင်းရယူကာ (ပေ ၁၀၀)လမ်းအဖြစ် တိုးချဲ့ပြင်ဆင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကတန်ကျွန်းပတ်လမ်း (၄၄ မိုင် ၅ ဖာလုံ) အနက်မှ ကတ္တရာလမ်းခင်းပြီး ကျန်ရှိသော ကျောက်ခင်းလမ်းပိုင်း (၂၁ မိုင် ၁ ဖာလုံ) ကို (၁၈)ပေ အကျယ်ကွန်ကရစ်လမ်း ပြုလုပ်ဆောင်ရွက်ပေးရန်နှင့် ကျွန်းစုမြို့၏ တစ်လမ်းတည်းသာရှိသော အဓိကလမ်းမကြီး တစ်မိုင်အား မြို့နယ်စည်ပင်သာယာရေးထံမှ လွှဲပြောင်းရယူကာ (ပေ ၁၀၀)လမ်းအဖြစ် တိုးချဲ့ပြင်ဆင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း ဖြစ်ပါတယ်။ ယနေ့ ကျွန်တော် မေးမြန်းမယ့်မေးခွန်းမှာ အပိုင်း(၂)ပိုင်း ပါ ပါတယ်။ တစ်ပိုင်းကတော့ ကျွန်တော်တို့ ကျွန်းစုမြို့မှာ တစ်လမ်းတည်းသာရှိတဲ့ ဒီ ကျွန်တော်တို့ အဓိကလမ်းမကြီး (၁)မိုင်နဲ့ ဒီ ကတန်ကျွန်းပတ်လမ်းပေါ့နော်။ ကျွန်တော်တို့ ကျေးရွာပေါင်း(၂၅)ရွာကနေ မှီခိုနေရတဲ့ ဒီ ကတန်ကျွန်းကို ပတ်ထားတဲ့ ကျွန်းပတ်လမ်းနဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point နဲ့ တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။

ဒါ ကျွန်တော်တို့ ကျွန်းစုမြို့နယ်ဆိုင်ရာ အချက်အလက်လေးတွေ ကျွန်တော် အချိန်ရသလောက်လေး အကြမ်းဖျင်းလေးပဲ ကျွန်တော်ရေးထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကျွန်းစုမြို့နယ်၊ တနင်္သာရီကမ်းမြောင်ဒေသမှာ တည်ရှိပြီးတော့ ကျွန်းပေါင်း(၂၀၁)ကျွန်းနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ခုန ကျွန်တော်မေးမယ့် မေးခွန်းမှာ အကြီးဆုံးကျွန်းဖြစ်တဲ့ ကတန်ကျွန်းပေါ်မှာ မြို့တည်ထားပြီးတော့ ဒီမေးခွန်းကိုလည်း မေးမှာဖြစ်ပါတယ်။

အဲဒီတော့ ပင်လယ်ရေတွေ ဝန်းရံနေတဲ့ ကျွန်းတွေနဲ့ ဖွဲ့စည်းထားပြီးတော့ မြေပြန့်တွေ နည်းပါးတယ်။ တောင်ကုန်း၊ တောင်တန်းတွေ ထူထပ်တဲ့နေရာ ဖြစ်ပါတယ်။ မိုးရေချိန်ကလည်း တစ်နှစ်ပတ်လုံးမှာ ကျွန်တော်တို့ ပျမ်းမျှအနေနဲ့တွက်မယ်ဆိုရင် လက်မ(၂၀၀)အထိကို ရွာသွန်းနေပြီးတော့ အင်မတန်မိုးများတဲ့ဒေသ ဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိကတော့ ကျွန်တော်တို့က ပြည်ထဲရေး အမည်ပေါက်တဲ့ရွာရော၊ မပေါက်တဲ့ရွာရော ကျေးရွာပေါင်း(၁၈၇)ရွာရှိပြီးတော့ မြို့ပေါ်ရပ်ကွက်က (၄)ရပ်ကွက်ပဲရှိပါတယ်။ ကျေးရွာအုပ်စုကတော့ (၂၀)ပဲရှိပါတယ်။ လူဦးရေကတော့ ကျွန်တော်တို့ (၁၇၀၀၀၀)ကျော်ရှိပါတယ်။ အဓိကစီးပွားရေးလုပ်ငန်းက ကျွန်တော်တို့ ရေလုပ်ငန်းကို အဓိက

လုပ်ကိုင်ပြီးတော့ ရေလမ်းခရီးဖြင့်သာ ကျွန်တော်တို့ သွားလာမှုက ပိုများပါတယ်။ ပင်လယ်ပိုင်းဒေသဖြစ်တဲ့အတွက်၊ အဲဒီတော့ ကျွန်တော်တို့ ကျွန်းစုဒေသက တချို့တွေကတော့ ထင်ကြပါလိမ့်မယ်။ မြိတ်ကျွန်းစု ကျွန်တော် နာမည်အရမ်းကြီးပေမယ့် ကျွန်တော်တို့ ဒေသက နာမည်ကြီး ထမင်းငတ်တဲ့ဒေသပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ဖွံ့ဖြိုးတိုးတက်မှုက အရမ်းကို နိမ့်ကျပါတယ်။ ကျွန်တော်တို့ အဘက်ဘက်ကနေ အရမ်းကို နိမ့်ကျပါတယ်။


ဒါကြောင့်မို့လို့လည်း ကျွန်တော်တို့က ကမ္ဘာ့ဘဏ်ကနေပြီးတော့ ကျွန်တော်တို့ ချေးငွေရယူပြီးတော့ ဆောင်ရွက်နေရတဲ့ လုပ်ငန်းတွေ၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နေရတဲ့ လုပ်ငန်းတွေလည်း ကျွန်တော်တို့ရှိပါတယ်။ အဲဒီတော့ ဒါကတော့ ကျွန်တော် မေးခွန်းပါနံပါတ်(၁)မှာပါတဲ့ ကျွန်းစုမြို့နယ်မှာ မြို့တွင်းလမ်းပိုင်း(၁)မိုင်၊ ကျွန်တော်တို့ ပုံမှာ အပြာရောင် Slide နဲ့ ပြထားပါတယ်။ ကမ်းခြေကနေ ကျွန်တော်တို့တက်တာနဲ့၊ ကမ်းနားကနေ ကျွန်တော်တို့တက်တာနဲ့ အပြာရောင်လမ်းအဆုံးမှာ (၁)မိုင်ပဲ ရှိပါတယ်။ လက်ရှိအဲဒါကို ကျွန်တော်တို့ တာဝန်ယူနေတာကတော့ မြို့နယ်စည်ပင်သာယာကနေ တာဝန်ယူပြီးတော့ ဆောက်လုပ်နေတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလမ်းပိုင်းကို ကျွန်တော်ဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနက လွှဲပြောင်းရယူပြီးတော့ ပေ(၁၀၀)လမ်းအဖြစ် ကျွန်တော် တိုးချဲ့ပြင်ဆင်လိုပါတယ်။ ကျွန်တော်တို့ မူလ သတ်မှတ်ထားတဲ့လမ်းနဲ့ကလည်း ပေ(၁၀၀)ရှိပါတယ်။ ယခုလည်း လမ်းနဲ့ ပေ(၁၀၀)ရှိပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့လည်း တကယ့်တကယ် ကျွန်တော်တို့ စည်ပင်ဘတ်ဂျက်က မြို့သေးသေးလေးဖြစ်တဲ့အတွက် တစ်နှစ်မှာမှ နည်းနည်းပါးပါးပဲရတဲ့အတွက် ရတဲ့ စည်ပင်ဘတ်ဂျက်အကုန်လုံး အဲဒီလမ်းပေါ်မှာ လုပ်နေရင်းနဲ့ပဲ ကျေးရွာနေပြည်သူလူထုကို စည်ပင်ဘတ်ဂျက်နဲ့ လုပ်ပေးနိုင်တဲ့ ဖွံ့ဖြိုးမှုတွေ တစ်ခုမှ ကျွန်တော်တို့ လုပ်ပေးနိုင်ခြင်း မရှိပါဘူး။ ဒါကြောင့်မို့လို့လည်း ကျွန်တော်က ပြောင်းလဲလိုခြင်း ဖြစ်ပါတယ်။

ဒုတိယအပိုင်း Next Slide ပြပေးပါ။ ဒါ ကျွန်တော်တို့ ဒီ စည်ပင်ဘတ်ဂျက်နဲ့လုပ်တဲ့ ကျွန်တော်တို့ ကမ်းနားဆိပ်ကမ်း ကမ်းနားမှာ ကျွန်တော်တို့ ဒီလက်ရှိ မြို့တွင်းလမ်းပိုင်းပေါ့(၁)မိုင် ကျွန်တော်တို့ ဝင်ရောက်ပြီးတော့ ကြည့်ရှုစစ်ဆေးတဲ့ အပိုင်းလေးဖြစ်ပါတယ်။ ဒါလည်း ကျွန်တော်တို့ စည်ပင်ဘတ်ဂျက်နဲ့ လမ်းခင်းနေတဲ့ လုပ်ငန်းစဉ်လေးဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဒီ ကတန်ကျွန်းပတ်လမ်းမြေပုံမှာ ကျွန်တော်တို့ဒီ အနီရောင်နဲ့ပြထားတဲ့၊ အဝိုင်းနီးပါး ပတ်ထားတဲ့ဟာလေး ဒီကတန်ကျွန်း တစ်ကျွန်းလုံးကို ကျွန်တော်တို့ ပတ်ထားတဲ့ လမ်း ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်ပြောခဲ့သလိုပဲ ကျေးရွာပေါင်း(၂၅)ရွာမှာရှိတဲ့ ပြည်သူတွေဟာ နိစ္စဓူဝ ကျွန်တော်တို့က ဒီလမ်းကနေ ကျွန်တော်တို့က လမ်းကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ကျွန်တော်တို့ သွားပြီးတော့ မြိတ်မြို့ကိုတက်ရင် ဒီကနေ ကျွန်တော်တို့ စက်လှေနဲ့ မြိတ်မြို့ကို ကျွန်တော်တို့ ကျွန်းစုမြို့နယ်ကနေ ကူးရပါတယ်။ ဆိုင်ကယ်နဲ့သွားတဲ့ဟာတွေ ရှိပါတယ်။ ကားကတော့ တော်တော်တန်တန် ကျွန်တော်တို့ မသွားကြပါဘူး။ လမ်းခရီးကလည်း တော်တော်ကို ပျက်ပါတယ်။ အရင်ကတည်းက ဒီ ကျွန်းပတ်လမ်းရှိတယ်ဆိုပေမယ့် ကျွန်တော်တို့က အရှေ့က လုပ်လိုက်၊ အနောက်က ပျက်လိုက်၊ အရှေ့က လုပ်လိုက်၊ အနောက်က ပျက်လိုက်နဲ့ ကျွန်တော် နာမည်ပေးထားပါတယ်။ အဲဒါ ပဋိစ္စသမုပ္ပာဒ် လမ်းလို့ ကျွန်တော် နာမည်ပေးထားပါတယ်။ အဲဒီတော့ ဒီလမ်းပိုင်းက လက်ရှိဆောက်လုပ်ပြီးတဲ့၊ ကျွန်တော်တို့ ဒီဆောက်လုပ်ရေးလုပ်ငန်းကနေပြီးတော့ ဆောက်လုပ်ပေးတဲ့

ဟာက ဒီ ကျွန်တော်တို့ ဒီကျောက်ခင်းလမ်းပိုင်း (၂၁)မိုင် (၁)ဖာလုံ ကျန်ပါသေးတယ်။ အဲဒီတော့ ကျွန်တော်တို့က ကျောက်ခင်းလမ်းအနေနဲ့ ကျန်ရှိတဲ့ အပိုင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လက်ရှိကျောက်ခင်းလမ်း၊ ကျွန်တော် တင်ပြတောင်းဆိုတဲ့ လမ်းလည်း ဖြစ်ပါတယ်။ မိုးရေချိန်များတော့ ကျွန်တော်တို့ လမ်းတွေက အဲဒီလိုပဲ ပြန်ပျက်ပါတယ်။ တောင်ကုန်း၊ တောင်တန်း ထူထပ်တဲ့အတွက်၊ ဒါကတော့ ဒီလမ်းပိုင်းမှာရှိတဲ့ တံတားတွေပေါ့နော်။ တံတားတွေမှာလည်း ကျွန်တော်တို့ မြင်တဲ့ အတိုင်းပါပဲ၊ ကားကိုထားခဲ့ပြီးတော့ လမ်းဆင်းလျှောက်ရတဲ့ အနေအထားတွေ ရှိတယ်။ တံတားကတော့ မြင်တဲ့အတိုင်းပဲ၊ အင်္ဂလိပ်ပေါ်ရောက်နေသလိုပဲ ကျွန်တော်တို့ မြင်ရပါတယ်။ ဆိုတော့ ဒီလမ်းပိုင်း တွေကို ကျွန်တော်တို့ တာဝန်ယူပြီးတော့ ဆောင်ရွက်ပေးလိုက်မယ်၊ ကွန်ကရစ် လမ်းလေး ခင်းပေး လိုက်မယ်ဆိုရင် ကျွန်တော်တို့ ဒေသမှာရှိတဲ့ ခရီးသွားလုပ်ငန်းတွေ ဒီဒေသမှာ အင်မတန် ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ နိစ္စဓူဝ သွားလာနေတဲ့ ကျန်းမာရေး၊ ပညာရေး၊ အခြားစီးပွားရေး ကိစ္စ၊ ကုန်စည်စီးဆင်းမှု အကုန်လုံးကလည်း ဒီလမ်းကို မှီခိုနေရတာဖြစ်တဲ့အတွက် ဒီလမ်းကို ကျွန်တော်တို့က ဆောက်လုပ်ရေး ဝန်ကြီးဌာနကနေပြီးတော့ ကွန်ကရစ်လမ်းကလေးများ ရရှိမယ်ဆိုရင် ဒီဒေသမှာ အင်မတန်မှ အကျိုးရှိ သွားမှာဖြစ်တဲ့အတွက် ဒီ မေးခွန်းလေးနဲ့ ပတ်သက် ပြီးတော့ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကျွန်းစုမြို့နယ်ဆိုင်ရာ အချက်အလက်များ ပြပုံ (ဆ)



ကတာန်ကျွန်းပတ်လမ်းပြ မြေပုံ (ဆ-၁)




မြို့တွင်းလမ်း၊ ရေမြောင်းပြ မြင်ကွင်းပုံ (ဆ-၂)



**မွန်ပြည်နယ်၊ ရေးမြို့နှင့် ကျောင်းရွာကျေးရွာအကြား ဆက်သွယ်ထားသည့် ကတ္တရာလမ်းကို ပြင်ဆင် ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က မွန်ပြည်နယ်၊ ရေးမြို့နှင့် ကျောင်းရွာကျေးရွာအကြား ဆက်သွယ်ထားသည့် ကတ္တရာလမ်းကို ပြင်ဆင် ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ရေးမြို့ဆိုတာ မွန်ပြည်နယ်ရဲ့ တောင်ဘက်အစွန်းမှာ ရှိပြီးတော့ မွန်ပြည်နယ်မှာ အကြီးဆုံးမြို့နယ်တစ်ခု ဖြစ်ပါတယ်။ အခု ကျွန်တော့် မေးခွန်းမှာပါတဲ့ ကျောင်းရွာကျေးရွာဆိုတာ ရေးမြို့ရဲ့ ချောင်းဖျားပိုင်းမှာတည်ရှိတဲ့ ကျေးရွာအုပ်စု (၁)ခု ဖြစ်ပြီးတော့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ကျေးရွာများစွာနဲ့ ဖွဲ့စည်းထားတဲ့ ကျေးရွာအုပ်စု(၁)ခု ဖြစ်ပါတယ်။ Power Point ဖြင့် မေးမြန်းခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းရွာကျေးရွာရဲ့အထက် မြစ်ညာပိုင်းမှာ ပြည်ထဲရေး အမည်ပေါက်၊ အမည်မပေါက်ရွာ (၂၀)နီးပါးလောက် ရှိပါတယ်။ အဲဒီ့ ရွာကြီး၊ ရွာငယ် အားလုံးကထွက်တဲ့ ဒေသသီးနှံအများစုရော၊ ကျန်းမာရေး၊ လူမှုရေးအားလုံးဟာ ဒီလမ်းတစ်လမ်းတည်းအပေါ်မှာသာ မှီတည်နေရပါတယ်။ ဒီ Slide မှာ မြင်ရတဲ့ ကျုံလောင်းရွာသစ်ကနေ ကျောင်းရွာကျေးရွာအထိ လမ်းပိုင်းဟာ (၈)မိုင် ရှိပါတယ်။ ရေးချောင်းနဲ့ အပြိုင် ဖြစ်ပါတယ်။ ကတ္တရာလမ်းမခင်းခင်က မိုးတွင်းဆို လမ်းဆိုးလို့ လှေနဲ့သွားရပါတယ်။ ရေးကနေ (၄)နာရီလောက် လှေစီးရပါတယ်။ ရေးမှာ တပ်မ လာထိုင်ပြီးတော့ အဲဒီလမ်းပိုင်းမှာ တပ်ရင်း(၂)ရင်း တည်ပါတယ်။ ဟိုးထိပ်နားမှာ ကျွန်တော် ပြထားပါတယ်။ အဲဒီတော့ စစ်ကားတွေက မိုးတွင်းဆို အတော်အခက်တွေ့တဲ့အတွက်ကြောင့် ၂၀၁၃-၂၀၁၄ ခုနှစ် မှာ GE တပ်က ကတ္တရာလမ်းတစ်လမ်း လာခင်းပေးပါတယ်။ အဲဒီ့လမ်းခရီးဟာ မိနစ်(၂၀)လောက်ပဲ ကြာပါတော့တယ်။ လမ်းပေါ်က ရွာတွေလည်း အဆင်ပြေသွားပါတယ်။ ဒါပေမဲ့ ခင်းစဉ်ကတည်းက အခုအချိန်ထိ ပြင်ဆင်ထိန်းသိမ်းမှုမရှိခဲ့တော့ အခုဆိုရင် ပုံမှာမြင်တဲ့အတိုင်း လမ်းတွေ စပေါက်နေပါပြီ။ အချိန်မီ မထိန်းသိမ်းရင် မိုးတွင်းဆိုရင် မိုးများတော့ ကျွန်တော်တို့ ဒေသအဖို့ (၁) နှစ် (၂)နှစ်အတွင်း ပျက်စီးပါမယ်။ ဒါကြောင့် လမ်းဦးစီးကိုရော၊ ကျေးလက်ရော န.တ.လ ဦးစီးမှူးတွေကို ကျွန်တော် ပြောပါတယ်။ ဒီလမ်းတွေကို ပြင်ထိန်းလုပ်ဖို့၊ သူတို့နဲ့မဆိုင်ဘူးချည်းပဲ ပြောပါတယ်။ တပ်မကိုမေးဖို့ စဉ်းစားပါသေးတယ်။ ဒါပေမဲ့ စစ်တပ်နယ်မြေလည်း မဟုတ်ဘူးဆိုတော့ ကျွန်တော် မမေးမိပါဘူး။ လမ်းက (၈)မိုင်၊ လွှတ်တော်ဘတ်ဂျက်နဲ့ကလည်းပဲ ကပ်မနိုင်ဘူးဆိုတော့ ဒါကြောင့် အခု အဲဒီလမ်းကို ကျွန်တော် ဒီလွှတ်တော်ထဲကို သယ်လာပြီးတော့ ပိုင်ရှင်လာရှာခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော် အပေါ်မှာပြောခဲ့သလိုပဲ ဒီလမ်းက ခုန Slide ပြန်ပြပေးပါ။ လမ်းပေါ်က ရွာတွေတင်မကဘဲနဲ့ ကျောင်းရွာအထက်ကျေးရွာတွေပါ မှီခိုနေတဲ့ အဓိကလမ်းတစ်ကြောင်း ဖြစ်ပါတယ်။ အဲဒီအထက်က ရွာသူ၊ ရွာသားတွေအဖို့ကတော့ ကျောင်းရွာလမ်းရောက်ပြီဆိုမှ သက်ပြင်းချရပါတယ်။ ဘာလို့လဲဆိုရင် ကျောင်းရွာကနေ သူတို့ရွာကို ဆက်သွားရင် ကြုံရမယ့်လမ်းတွေက ဆိုးလွန်းလို့ ဖြစ်ပါတယ်။ ဒီပုံက လွှတ်တော်မလာခင် (၃)ရက်အလိုမှာ အဲဒီ ရွာတွဆီ ကျွန်တော်သွားရင်း ရိုက်ယူခဲ့တဲ့ ပုံတွေဖြစ်ပါတယ်။ ဒီလိုချောင်းလည်း ဖြတ်ရပါတယ်။ ဒီလိုကားတွေလည်း သွားရပါတယ်။ နောက် အဲဒီလို ဗွက်တွေလည်းရှိပါတယ်။ ဒီလိုချောင်းတွေလည်း ဖြတ်ရပါတယ်။ အဲဒီရွာတွေရောက်ဖို့က၊ ဟုတ်ကဲ့ အဲဒီလိုလည်း သွားရပါတယ်။ ဒီတော့ ခုလို ပွင့်လင်းရာသီမှာတောင် ဒီလိုအခြေအနေဆိုရင်


မိုးတွင်းမှာ ဘယ်လောက်ခက်ခဲမလဲဆိုတာ မှန်းဆနိုင်ဖို့ ကျွန်တော်တင်ပြရခြင်း ဖြစ်ပါတယ်။ လမ်းတောင်းဖို့ မဟုတ်ပါဘူး။

အဓိက က ကျန်းမာရေးနဲ့ ပညာရေးဖြစ်ပါတယ်။ ဒါက အဲဒီရွာတွေက ပညာရေး အခြေအနေတွေ ဖြစ်ပါတယ်။ တိုင်းရင်းသား မွန်၊ ကရင်၊ ဗမာ အနည်းငယ်ရှိပါတယ်။ မွန်နဲ့ကရင်က အများစုပါ။ ဘာကြောင့် ကျွန်တော် ဒီလမ်းကို ပြင်ဆင်လိုလည်းဆိုတဲ့ နောက်တစ်ချက်ကို ကျွန်တော် ထပ်မံဆွေးနွေးပါမယ်။ ဒါက ကျောင်းရွာကျေးရွာရဲ့ ကောင်းကင်ဓာတ်ပုံ ဖြစ်ပါတယ်။ ရွာဘေးမှာရှိတဲ့ ချောင်းကနေ အထက်ကို ကျွန်တော်တို့ ဆန်တက်သွားလို့ရပါတယ်။ အဲဒီလို ဆန်တက်သွားရင် ချောင်းနှစ်ခွဆိုတဲ့ နေရာကို ရောက်ပါတယ်။ Slide မှာ အဝါရောင်နဲ့ ကျွန်တော် ဝိုင်းပြထားပါတယ်။ ဒါက မြေပြင်အခြေအနေ ဖြစ်ပါတယ်။ ရေးမြို့နယ်နဲ့ ပတ်ဝန်းကျင်ဒေသက လာရောက်အပန်းဖြေရင်းနဲ့ စားသောက်ရင်းနဲ့ ရေကူးကြတဲ့ နေရာဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ လှေတွေ တွေ့ရပါတယ်။ အဲဒါ ချောင်းနှစ်ခွကိုသွားကြတဲ့ အပျော်စီးလှေတွေ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ Eco Tourism အတွက် တာဆူနေတဲ့ အလုပ်ဖြစ်တဲ့အတွက်ကြောင့် ဒေသခံတွေအတွက် အလုပ်ရမှာ ဖြစ်ပါတယ်။ အခုလို ပိတ်ရက်တွေမှာ ကားတွေ ရာချီပြီး သွားနေကြတဲ့ လမ်းတစ်လမ်း ဖြစ်နေပါပြီ။ ကျွန်တော်တို့ အမြန် မထိန်းသိမ်းရင် ပျက်ပါတော့မယ်။ ကျွန်တော်တို့ ဒါချောင်းနှစ်ခွ ဖြစ်ပါတယ်။ ဖွင့်ကာစမှာဆိုရင် နိုင်ငံခြား ခရီးသွားတွေပါ သဘောကျနှစ်ခြိုက်ပြီး လာရောက်လည်ပတ်ကြတဲ့ နေရာဖြစ်ပါတယ်။ အဲဒီမှာ touris တွေ တွေ့ရပါတယ်။ အခုတော့ လ.ဝ.က ကပိတ်ထားလို့ ဒီ နိုင်ငံခြား ခရီးသွားတွေ လာလို့မရ တော့ပါဘူး။ ပြန်ဖွင့်နိုင်အောင် ကျွန်တော် ကြိုးစားပါဦးမယ်။ ဒါကြောင့် အထက်မှာ ကျွန်တော်တင်ပြခဲ့တဲ့ အချက်တွေအရ ရေးမြို့နယ်၊ ကျောင်းရွာကျေးရွာအကြား ဆက်သွယ်ထားတဲ့ ကတ္တရာလမ်းဟာ အချိန်မီပြီး ပြင်ဆင်ထိန်းသိမ်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ကျောင်းရွာလမ်း၏ မြင်ကွင်းပုံ (၈)



ရေး- ကျောင်းရွာလမ်းပိုင်း၏ မြင်ကွင်းပုံ (၉-၁)




ကျောင်းရွာကျေးရွာ၏ မြင်ကွင်းပုံ (၉-၂)




**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ - ဒလ - တွံတေး - ကော့မှူး - ကွမ်းခြံကုန်း - ဒေးဒရဲ လမ်းပိုင်းကို BOT စနစ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဇေကမ္ဘာကုမ္ပဏီတို့ ချုပ်ဆိုထားသော စာချုပ်ပါ အချက်အလက်များအတိုင်း ဆောင်ရွက်ထားမှု မရှိသည့်ကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး က ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ - ဒလ - တွံတေး - ကော့မှူး - ကွမ်းခြံကုန်း - ဒေးဒရဲ လမ်းပိုင်းကို

BOT စနစ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဖေကမ္ဘာကုမ္ပဏီတို့ ချုပ်ဆိုထားသော စာချုပ်ပါ အချက်အလက်များအတိုင်း ဆောင်ရွက်ထားမှု မရှိသည့်ကိစ္စနဲ့ စပ်လျဉ်း၍ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်မလုံလောက်ပါက စက္ကန့်(၃၀)ခန့် ပေးပါရန် ကြိုတင်မေတ္တာရပ်ခံ အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သတ်မှတ်ချိန်က (၅)မိနစ်ပဲ၊ ဥပဒေအရ သတ်မှတ်ထားတာ။

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ဟုတ်ကဲ့ပါ။ လှိုင်သာယာ-ဒလ - တွံတေး - ကော့မှူး - ကွမ်းခြံကုန်း - ဒေးဒရဲ (၅၉)မိုင် (၆)ဖာလုံ လမ်းပိုင်းကို BOT ဆောက်လုပ်ဖို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှာ စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ Power Point ပြပါ။ စာချုပ်ပါ လုပ်ငန်းတွေကို (၃)နှစ်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နည်းပညာဆိုင်ရာ သတ်မှတ်ချက် စံချိန်စံညွှန်းများ ပြည့်စုံမှ လုပ်ငန်းများ အပြီးသတ် ဆောင်ရွက်ပြီးစီးမှုလက်မှတ် Certificate ကိုရရှိပြီး လုပ်ငန်း လုပ်ကိုင်ခွင့်ဖြစ်စေ သဘောတူညီချက်ဖြင့် လမ်းအသုံးပြုခွင့်ခကို ကောက်ခံခွင့်ရှိသည်ဟု သတ်မှတ်ထားသော်လည်း ကျွန်တော်ကိုယ်တိုင် နေ့စဉ် ဖြတ်သန်းသွားလာခဲ့တဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကာလတွေမှာ ဆောက်လုပ်ရေးကခင်းထားတဲ့ လမ်းအတိုင်း အခြေအနေသာဖြစ်ပေမယ့် လမ်းအသုံးပြုခ မှတ်တမ်းအရ ၁-၄-၂၀၁၅ ရက်နေ့ကတည်းက စတင်ကောက်ခံနေပါပြီ။ ပုံမှာ ဆောက်လုပ်ရေးရဲ့ မူလလမ်း ဖြစ်ပါတယ်။ ဒီမှာက ဘာလို့ စာချုပ်ပါအတိုင်း စံချိန်စံညွှန်း သတ်မှတ်ချက်များ မပြည့်မီဘဲ ကောက်ခံခွင့်ပြုထားလည်းဆိုတာကို သံသယဖြစ်စရာ၊ တွေးတောစရာ တွေ့ရှိပါတယ်။ ဒါ ပြည်ထောင်စုဝန်ကြီးဌာနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကို ပြန်ဖြေထားတဲ့ ကြယ်ပွင့်မပြ မေးခွန်းရဲ့အဖြေပါ။

စာချုပ်နဲ့မညီညွတ်သေးလို့ ငွေကောက်ခံခွင့်မပေးပေမယ့် ကွမ်းခြံကုန်း - ဒေးဒရဲ လမ်းပိုင်းကိုတော့ ပြုပြင်မပေးဘဲ ရည်ရွယ်ချက်ရှိရှိ ချန်ထားပါတယ်။ လွန်ခဲ့တဲ့(၂)လက ကျွန်တော် ဒီမေးခွန်းကို မမေးခင် ဒီလမ်းပိုင်း (၁၃)မိုင်ခွဲက အင်မတန်ဆိုးရွားပျက်စီးနေပါတယ်။ မြင်တဲ့အတိုင်းပါပဲ။ တိုင်းဒေသကြီးဝန်ကြီးလည်း အကြိမ်ကြိမ်လာရောက်ကြည့်ရှုပြီးတော့ ဘယ်လိုလုပ်ပေးရမလဲဆိုတာကို စဉ်းစား၊ ကြိုးစားခဲ့တာ မှတ်တမ်းတင်ရပါမယ်။ ကန်ထရိုက်က ပေ(၅၀)အောက်တံတားတွေကို မိမိစရိတ်နဲ့ တည်ဆောက်ရမှာဖြစ်ပေမယ့် မဆောင်ရွက်လို့ တိုင်းဒေသကြီးရန်ပုံငွေနဲ့ ဆောက်ပေးဖို့ ပြင်ဆင်နေပြီး ယာယီတံတားတွေကို ထိုးပေးခဲ့ရပါတယ်။ ညှိနှိုင်းလို့မလွယ်တဲ့အဆုံးမှာ ဒီလမ်းပိုင်းကို တိုင်းဒေသကြီးအစိုးရရဲ့ စီမံမှုအောက်ပြန်ထားဖို့ ပြင်ဆင်ခဲ့တယ်လို့လည်း သိရပါတယ်။ ဒါက မူလ

မပြင်ခင်ပေါ့ ဝါးကောက်တောတံတားရဲ့အခြေအနေပါ။ ဒါက လမ်းပြင်ခါနီးမှာ လမ်းဘေး ဝဲ၊ ယာ တိုင်တွေနဲ့ လမ်းပုခုံးသားတွေရဲ့အခြေအနေပါ။ ဒါက လမ်းရဲ့ပြင်ဆင်မယ်ဆိုပြီးတော့ သတ်မှတ်ထားတဲ့ စံချိန်စံနှုန်း ဖော်ပြချက်တွေပါ။ ဒါက ကျွန်တော်တို့ ကော့မှူးနဲ့ကွမ်းခြံကုန်း လွှတ်တော်ကိုယ်စားလှယ် တွေရယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဝန်ကြီးရယ်၊ သက်ဆိုင်ရာမြို့နယ်အာဏာပိုင်တွေနဲ့ ကွင်းဆင်း စစ်ဆေးတဲ့ မှတ်တမ်းပုံပါ။ ဒါကတော့ ဝါးကောက်တောတံတားကို အုန်းတုံးတွေနဲ့ထောက်ထားတဲ့ပုံပါ။ ဒါက တံတားလမ်းလွှဲကို ဆောက်လုပ်ရေးက ဆောင်ရွက်နေတဲ့ပုံပါ။ အခု လွှတ်တော်ပြန်မစခင် (၁၅)ရက်လောက် အလိုကျမှ ကွမ်းခြံကုန်းနဲ့ မြို့ထဲနေရာအချို့မှာ ကန်ထရိုက်က လမ်းစပြင်လာတာ တွေ့ရပါတယ်။ ပြောစရာတစ်ခုရှိတာက စာချုပ်ပါအတိုင်း စက်ယန္တရားအင်အားသုံးတာကို မတွေ့ရ ပါဘူး။


ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်မှု မရှိမှန်းသိပါလျက်နဲ့ ဝန်ကြီးဌာနက ၃၀-၃-၂၀၁၅ ရက်နေ့စွဲနဲ့ လမ်းအသုံးပြုခွင့်အား ကောက်ခံခွင့်ပေးခြင်းသည် မရိုးဖြောင့်သော သဘောတွေရှိတယ်လို့ ယူဆစရာ ဖြစ်နေပြီး ဇေကမ္ဘာကုမ္ပဏီကလည်း ကတိကဝတ်စာချုပ်ကို မသိရှိသောခရီးသွားပြည်သူများအပေါ် လှည့်စားအမြတ်ထုတ်နေခြင်းသာဖြစ်၍ တရားဝင်သောလုပ်ငန်းစဉ် မဖြစ်နိုင်ပါ။ ထို့အပြင် စာချုပ်ပါ အပိုဒ် ၃ (ဠ) အရ AADT (Annual Average Daily Traffic )။ ခုနက ယာဉ်စီးရေ(၂၀၀၀)ကျော် တဲ့အခါမှာ (၄၈)ပေအကျယ်၊ ကတ္တရာလမ်း ခင်းပေးရမည်ဆိုတဲ့အချက်အရ နေ့စဉ်ယာဉ်အစီးရေ သုံးလေးထောင်ကျော် သွားလာနေသော လှိုင်သာယာ - ဒလ - တွံတေးလမ်းနဲ့ တွံတေး - ကော့မှူး - ကွမ်းခြံကုန်း လမ်းပိုင်းတို့ကို (၄၈)ပေ ချဲ့ရမည့်နေရာ ယနေ့အထိ ဆောင်ရွက်ခြင်းမရှိသေးပါ။

အပိုဒ် ၇ (က)ပါ လမ်းတံတားအသုံးပြုခွင့်ခ ကောက်ခံတဲ့ဂိတ်ကိုလည်း လုပ်ငန်းလုပ်ကိုင်ခွင့် ရသူအား အဆင့်မီအောင် Steel၊ Aluminium၊ Bridge Structure or Composite တို့ဖြင့် စနစ်တကျတည်ဆောက်ရမည်ဆိုတာကိုလည်း ပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာ အပိုဒ် ၇(င)အရ ဂိတ် အဝင်၊ အထွက်နေရာများက အနည်းဆုံး အဆင့်မီ(၄)လမ်းသွားဖြစ်ရမည် ဆိုတဲ့အချက်ကို ယနေ့ထိ လိုက်နာမှုမရှိသေးပါ။ ခုနကပုံမှာ မြင်တဲ့အတိုင်းပါပဲ။ ဒါ လမ်းခင်းနေတဲ့ပုံပါ။ အဲဒီတော့ ကျွန်တော်တို့ စာချုပ်ပါ အပိုဒ် ၁၅(ခ)အရ လုပ်ငန်းလုပ်ကိုင်ခွင့် ရယူပျက်ကွက်မှုကြောင့် ပြီးစီးရန်သတ်မှတ်ထားသော ကာလထက်ကျော်လွန်ပြီးစီးမှ ပြီးစီးမှုအတွက် လုပ်ငန်းနှောင့်နှေးကြန့်ကြာသော ရက်များအတွက် ရက်လွန်ကြေးအဖြစ် တစ်ရက်လျှင် ရင်းနှီးမြှုပ်နှံသည့် စီမံကိန်းတန်ဖိုးစုစုပေါင်း မြန်မာငွေ+U$ Dollar ရဲ့ (0.1%) ကို ပေးသွင်းရမည်ဟု သတ်မှတ်ထားသော်လည်း ဇေကမ္ဘာကုမ္ပဏီသည် ယနေ့တိုင် ပေးဆောင်ခြင်းမရှိသည့်အပြင် လမ်းအသုံးပြုခွင့်ခကိုသာ ပြောင်ပြောင်တင်းတင်းကောက်ခံနေခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှလည်း မသိချင်ယောင်ဆောင်နေခြင်းတို့ကြောင့် အစိုးရ၏ဂုဏ်သိက္ခာကို ထိခိုက်လျက်ရှိပြီး ပြည်သူ ---------

ဝါးကောက်တောကျေးရွာအနီး တံတားအခြေအနေ (ယခု တိုင်းဒေသကြီး ရန်ပုံငွေမှ ပြင်ဆင်ဆောက်လုပ်ပေးလျက်ရှိသောမြင်ကွင်းပုံ (စျ)



၄၈ ပေ ချဲ့ရမည်ဆိုသော B.O.T စာချုပ်ပါ အချက်အလက်များပြပုံ (စျ-၁)



ရှိသော လမ်းပုခုံးတည်ဆောက်ရပါမည်။ နောက်ဆက်တွဲ ( က၊ က-၂ မှ က-၁၀) ပါအတိုင်း ဤလမ်းစီမံကိန်းလုပ်ငန်း၏ လမ်းနယ်နိမိတ်အား ဖြတ်သန်းသည့်နေရာများတွင် ပေ (၂၀၀) အကျယ် သတ်မှတ်သည်။

ယာဉ်သွားလမ်း (၂) လမ်းအတွက် လမ်းသားအကျယ်မှာ လှိုင်သာယာ-တွံတေးလမ်း (၁၁/၁) မိုင်၊ ကံဘဲ့-ပျော်ဘွယ်လေး-ဒလလမ်း (၉/၀) မိုင် နှင့် တွံတေး-ကော့မှူးလမ်း (၂၂/၄) မိုင်တို့အား (၂၄) ပေအကျယ် ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ကော့မှူး-ကွမ်းခြံကုန်းလမ်း (၅/၃) မိုင်၊ တွံတေးမြို့ရှောင်လမ်း (၃/၆) မိုင်နှင့် ကွမ်းခြံကုန်း-ဒေးဒရဲလမ်း (၈/၀) မိုင်တို့အား (၁၈) ပေအကျယ် ကတ္တရာလမ်းအဖြစ်လည်းကောင်း တည်ဆောက်ရမည်။ ပျမ်းမျှတစ်နေ့ယာဉ်အစီးရေ (၅၀၀)ကျော်သည့်အချိန်တွင် (၁၈)ပေအကျယ်မှ (၂၄)ပေအကျယ် ကတ္တရာလမ်း တည်ဆောက်ပေးရမည်။ ပျမ်းမျှတစ်နေ့ယာဉ်အစီးရေ AADT ( Annual Average Daily Traffic ) (၂၀၀၀)ကျော်သွားသည့်အခါတွင် ၄၈ ပေ အကျယ် ကတ္တရာလမ်း တည်ဆောက်ပေးရမည်၊ "လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသူ" မှလုပ်ငန်းလိုအပ်ချက်အရ တရားဝင် ညွှန်ကြားလာသည့်အခါ "လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ" က ယာဉ်သွားလမ်း (၂၄) ပေအကျယ်ကတ္တရာကွန်ကရစ် (Asphalt Concrete) တည်ဆောက်ပေးရမည်။ ပျမ်းမျှတစ်နေ့ယာဉ်အစီးရေ (၂၀၀၀) ထက်ပိုမိုကျော်လွန်ပြီး (၂) လမ်းသွားနှင့်မလုံလောက်ပါက (၄) လမ်းသွား ကတ္တရာကွန်ကရစ်လမ်း တည်ဆောက်ပေးရမည်။

ယာဉ်ဖြတ်သန်းခ ကောက်ခံရေးဂိတ်များ၏ မြင်ကွင်းပုံ (စျ-၂)




**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၀။**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း မှ မေးမြန်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကတန်ကျွန်းပတ်လမ်း (၄၄ မိုင် ၅ ဖာလုံ) အနက်မှ ကတ္တရာလမ်းခင်းပြီး ကျန်ရှိသော ကျောက်ခင်းလမ်းပိုင်း(၂၁ မိုင် ၁ ဖာလုံ)အား (၁၈)ပေအကျယ် ကွန်ကရစ်လမ်း ပြုလုပ် ဆောင်ရွက်ပေးရန်နှင့် ကျွန်းစုမြို့၏ တစ်လမ်းတည်းသာရှိသော အဓိကလမ်းမကြီး တစ်မိုင်အား မြို့နယ် စည်ပင်သာယာရေးထံမှ လွှဲပြောင်းရယူကာ ပေ(၁၀၀)လမ်းအဖြစ် တိုးချဲ့ပြင်ဆင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်တွင် လမ်းဦးစီးဌာနပိုင် ကတန်ကျွန်းပတ်လမ်းအပြင် မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်ကို ဆက်သွယ်ထားတဲ့ အဓိကလမ်းမကြီး(၁)လမ်းရှိပြီး လမ်းအရှည်(၁)မိုင်ရှိပါတယ်။ အဆိုပါလမ်းမှာ မြို့နယ်စည်ပင်သာယာ

ရေးလမ်းအဖွဲ့ပိုင် လမ်းဖြစ်တဲ့အပြင် လမ်းနယ်နိမိတ်အကျယ် ရရှိနိုင်မှုဟာ လက်ရှိအခြေအနေမှာ (၃၅)ပေခန့်သာရှိတဲ့အတွက် လမ်းဦးစီးဌာနအနေဖြင့် လမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ အခက်အခဲရှိပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါလမ်းနဲ့ပတ်သက်ပြီး ပထမဦးစွာ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များမှ သတ်မှတ်လမ်းနယ်နိမိတ်အကျယ် ရရှိရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန် လိုအပ်ပြီးတော့ သတ်မှတ်လမ်းနယ်နိမိတ် ရရှိတဲ့အချိန်မှာ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ် လွှဲပြောင်းခွင့်ပြုရန် လုပ်ထုံးလုပ်နည်းနဲ့အညီ တင်ပြဆောင်ရွက်ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်းရှိ ကတန်ကျွန်းပတ်လမ်း (၄၄ မိုင် ၅ ဖာလုံ)သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီးတော့ ၃၁-၃-၂၀၁၇ ရက် နေ့ရှိ လမ်းအမျိုးအစားမှာ ကတ္တရာလမ်း(၂၂ မိုင်၂ ဖာလုံ)နှင့် ကျောက်လမ်း(၂၂ မိုင် ၃ ဖာလုံ) ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေကျပ်(၄၇၃)သန်းဖြင့် (၁)မိုင်ခွဲအရှည်ရှိ ကျောက်လမ်းအား (၁၈)ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသဖြင့် ယခုဘဏ္ဍာနှစ်အကုန်မှာတော့ ကတ္တရာလမ်း (၂၃ မိုင် ၆ ဖာလုံ) ခင်းပြီးဖြစ်ကာ ကျောက်လမ်း(၂၀ မိုင် ၇ ဖာလုံ) ကျန်ရှိမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျန်ရှိတဲ့ ကျောက်ခင်းလမ်းပိုင်း (၂၀ မိုင် ၇ ဖာလုံ) ကို ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းဒေသကြီးရန်ပုံငွေများ တင်ပြတောင်းခံသွားမှာဖြစ်ပြီး ရန်ပုံငွေ ခွဲဝေရရှိမှုပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် မွန်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း မှ မေးမြန်းထားတဲ့ မွန်ပြည်နယ်၊ ရေးမြို့နှင့် ကျောင်းရွာကျေးရွာအကြား ဆက်သွယ်ထားသည့် ကတ္တရာလမ်းကို ပြင်ဆင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ရေးမြို့နယ်အတွင်းရှိ ရေးမြို့နှင့် ကျောင်းရွာကျေးရွာ ဆက်သွယ်ထားတဲ့ ကတ္တရာလမ်းအရှည်(၈)မိုင်သည် နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီမံခန့်ခွဲမှုဧရိယာအတွင်းရှိ အရှည်(၇ မိုင် ၆ ဖာလုံ) ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲတဲ့ ဧရိယာအတွင်းမှာ (၂)ဖာလုံရှိပြီးတော့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောအပိုင်းသည် တူးမြောင်းကျေးရွာအုပ်စု၊ ကျုံလောင်းရွာသစ်အတွင်းမှာ တည်ရှိပါတယ်။ အဆိုပါလမ်းအား ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ်က GE တပ်မှ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုအခါ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့ တာဝန်ယူဆောင်ရွက်ကြမည့် နယ်နိမိတ်ဧရိယာ များအား ပြည်နယ်အစိုးရ၏ကြီးကြပ်မှုဖြင့် စိစစ်ခွဲခြား ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ရေး-ကျောင်းရွာလမ်း အရှည်(၈)မိုင် အနက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် အရှည်(၇ မိုင် ၆ ဖာလုံ) လမ်းပိုင်းသည်

နယ်စပ်ရေးရာဝန်ကြီးဌာန၏ တာဝန်ယူဆောင်ရွက်တဲ့ လမ်းပိုင်းဖြစ်နေပါတယ်။ ဆိုလိုတာကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုင်ရှင်ရှာတယ်ဆိုတဲ့နေရာလေး ခုနသတိထားမိပါတယ်။ အဲဒီတော့ အခုလောလော ဆယ်မှာတော့ ဒီစာရင်းအရက နယ်စပ်ရေးရာဝန်ကြီးဌာနပိုင်ဖြစ်နေပါတယ်။ တကယ်လို့ ဒီလမ်းပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်အဖြစ်နဲ့ လွှဲပြောင်းလိုတယ်ဆိုရင် ပထမဦးစွာအနေနဲ့ မွန်ပြည်နယ် အစိုးရအဖွဲ့ကနေပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ထံကို နယ်စပ်ရေးရာဝန်ကြီးဌာန လမ်းအဖြစ်မှ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ်သို့ လွှဲပြောင်းပေးဖို့အတွက် ဦးစွာပထမ စာရေး တင်ပြရမှာ ဖြစ်ပါတယ်။ တင်ပြပြီးရင်တော့ အစိုးရအဖွဲ့ကနေပြီးတော့ ကျွန်တော်တို့ထံကို သဘောထားမှတ်ချက် တောင်းခံပြီးတော့ ဒါကိုလွှဲပြောင်းဆောင်ရွက်သွားရမယ့် အစီအစဉ်များဖြစ်ပါ တယ်။ ဒါလေးကိုလည်း ဒီနေရာကနေပြီးတော့ တစ်ပါတည်း လွှတ်တော်ကိုယ်စားလှယ်ကြီးကို ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်မယ့် ကျုံလောင်းရွာသစ်အပိုင်းမှာရှိတဲ့ (၂)ဖာလုံ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကတော့ အခု ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာနှစ်အတွင်းမှာပဲ ကျွန်တော်တို့ အမြန်ဆုံး ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွေး မှ မေးမြန်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ - ဒလ - တွံတေး - ကော့မှူး - ကွမ်းခြံကုန်း - ဒေးဒရဲ လမ်းပိုင်းကို B.O.T စနစ်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စာချုပ်ချုပ်ဆိုထားသော ဇေကမ္ဘာကုမ္ပဏီသည် ခရီးသွားပြည်သူများထံမှ ကောက်ခံခွင့် မရှိသေးပါဘဲ လမ်းအသုံးပြုခ ကောက်ခံနေခြင်းများကို ချက်ချင်းရပ်ဆိုင်းပေးပါရန် ကောက်ခံထားသော ပြည်သူ့ငွေများအား ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့်အညီ စာရင်းစစ်ဆေး၍ နိုင်ငံတော်သို့ ပြန်လည်အပ်နှံပေးရန် လိုအပ်ချက်များ အမြန်ဆုံးကုစားဖြေရှင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မြို့နယ်ဦးစီးအရာရှိ များက တာဝန်ကျေစွာ သတင်းပေးပို့ပါသော်လည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ခြင်း မရှိရုံသာမက စာချုပ်ပါအချက်အလက်များအတိုင်း ပြည့်စုံမှုမရှိမှန်းသိပါလျက်နှင့် သံသယဖြစ်ဖွယ်ရာ ခွင့်ပြုပေးခဲ့သော အထက်အရာရှိအဆင့်ဆင့်တို့အား စည်းမျဉ်း စည်းကမ်းနှင့်အညီ အရေးယူ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကုမ္ပဏီတစ်ခုကို B.O.T ခွင့်ပြုပေးရန်အတွက် ပထမဦးစွာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြရပြီးတော့ ကော်မရှင်၏အတည်ပြုချက်အရ B.O.T ပဋိညာဉ်စာချုပ်ကို ချုပ်ဆိုဆောင်ရွက်ရပါတယ်။ လမ်းအသုံးပြုခ ကောက်ခံနှုန်းနဲ့ပတ်သက် ပြီးတော့ အပိုင်း(၂)ပိုင်းရှိပါတယ်။ ပထမဦးစွာ B.O.T နှုန်းဖြင့် ကောက်ခံခြင်း၊ ကောက်ခံခွင့်ပြုခြင်း မပြုမီမှာ B.O.T ကုမ္ပဏီအား လေလံနှုန်းဖြင့် လမ်း(၁)မိုင်လျှင် (၂)ကျပ်နှုန်းကို အခြေခံပြီးတော့ နိုင်ငံတော်ကို ပေးသွင်းစေပြီးတော့ ကောက်ခံခွင့် ပြုတာဖြစ်ပါတယ်။ ကုမ္ပဏီအနေဖြင့် စာချုပ်ပါ အတိုင်း လုပ်ငန်းများဆောင်ရွက်ပြီးချိန်မှာတော့ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ စိစစ်ထောက်ခံချက်အရ ဆောင်ရွက်ပြီးစီးမှုကို လမ်းဦးစီးဌာနက ကွင်းဆင်းစစ်ဆေးခြင်း

ဆောင်ရွက်ပြီးမှသာ လုပ်ငန်းပြီးစီးမှုအလိုက် B.O.T နှုန်းဖြင့် ကောက်ခံခွင့် ပြုခြင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ - ဒလ - တွံတေး - ကော့မှူး - ကွမ်းခြံကုန်း - ဒေးဒရဲ လမ်းပိုင်း (၅၄ မိုင် ၇ ဖာလုံ)အား ဇေကမ္ဘာကုမ္ပဏီလီမိတက်သို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ B.O.T လုပ်ငန်းစနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုမိန့်ရရှိ၍ ၈-၁၀-၂၀၁၃ ရက်နေ့မှာ B.O.T ပဋိညာဉ်စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ ဇေကမ္ဘာကုမ္ပဏီအနေဖြင့် ၂၀၁၁ ခုနှစ် လုပ်ငန်းစတင်ခဲ့သည့်အချိန်မှ ၂၀၁၅ ခုနှစ် B.O.T နှုန်းဖြင့် ကောက်ခံခြင်းမပြုမီအချိန်ထိ ပန်းလှိုင်ဂိတ်၊ ပျော်ဘွယ်လေးဂိတ်နှင့် ကံဘဲ့ဂိတ်တို့တွင် လေလံနှုန်းဖြင့် ကောက်ခံခဲ့ပြီးတော့ သတ်မှတ်လေလံတန်ဖိုးများကို နိုင်ငံတော်သို့ ပေးသွင်းခဲ့ပါသဖြင့် နိုင်ငံတော် အနေဖြင့် နစ်နာမှုမရှိခဲ့ပါကြောင်း တွေ့ရှိရပါတယ်။ ဇေကမ္ဘာကုမ္ပဏီမှ လှိုင်သာယာ - ဒလ - တွံတေး - ကော့မှူး - ကွမ်းခြံကုန်း - ဒေးဒရဲ လမ်းပိုင်း (၅၄ မိုင် ၇ ဖာလုံ )အနက် လှိုင်သာယာ - ဒလ - တွံတေးလမ်း (၁၁ မိုင် ၁ ဖာလုံ)၊ တွံတေးမြို့ရှောင်လမ်း (၃ မိုင် ၆ ဖာလုံ)၊ ကံဘဲ့ - ပျော်ဘွယ်လေး - ဒလလမ်း (၉)မိုင် နဲ့ တွံတေး - ကော့မှူး - ကွမ်းခြံကုန်းလမ်း (၁၇ မိုင် ၅ဖာလုံ)၊ စုစုပေါင်း (၄၁ မိုင် ၄ ဖာလုံ) လုပ်ငန်း များအား ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါလမ်းပိုင်း (၄၁ မိုင် ၄ဖာလုံ)ကို သတ်မှတ် စံချိန်စံညွှန်းများ နှင့်အညီ ဆောင်ရွက်ပြီးစီး၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ခံချက်နှင့် လမ်းဦးစီးဌာနရဲ့ စိစစ်ချက်နဲ့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၏ အတည်ပြုချက် အရ ၁-၄-၂၀၁၅ ရက်နေ့မှစပြီးတော့ B.O.T နှုန်းဖြင့် လမ်းအသုံးပြုခ ကောက်ခံခဲ့ခြင်းဖြစ်တဲ့အတွက် စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဇေကမ္ဘာကုမ္ပဏီမှဆောင်ရွက်သော B.O.T လမ်းပိုင်း (၅၄ မိုင် ၇ ဖာလုံ)အနက် ကော့မှူး - ကွမ်းခြံကုန်း - ဒေးဒရဲ လမ်းပိုင်း(၁၃ မိုင် ၃ ဖာလုံ)မှာ လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေပါသေးတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၎င်းလမ်းပိုင်းအား B.O.T နှုန်းဖြင့် လမ်းအသုံးပြုခ ကောက်ခံခွင့်ပြုထားခြင်းမရှိသေးပါဘူး။ အဆိုပါ ကျန်ရှိနေသေးတဲ့လမ်းပိုင်း (၁၃)မိုင်(၃)ဖာလုံမှာ ကော့မှူး - ကွမ်းခြံကုန်းအပိုင်း (၅ မိုင် ၃ ဖာလုံ)အား (၂၄)ပေအကျယ် A.C ခင်းခြင်းလုပ်ငန်းနဲ့ တံတား(၇)စင်းကို တိုးချဲ့ခြင်း၊ ကွမ်းခြံကုန်း - ဒေးဒရဲအပိုင်း (၈)မိုင်အား (၁၈)ပေအကျယ် ကတ္တရာထပ်ပိုးလွှာတင်ခြင်းနှင့် လုပ်ငန်းတွေကို ၂၀၁၈ ခုနှစ်၊ မေလကုန် မိုးမကျမီ အပြီးဆောင်ရွက်ဖို့ ကုမ္ပဏီအား ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ကုမ္ပဏီအနေဖြင့် သတ်မှတ် ကာလအတွင်း လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိပါက လုပ်ငန်းပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ကြောင်းကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက သတိပေးစာ ထုတ်ပြန် ထားပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ကုမ္ပဏီ၏ လိုအပ်ချက်များကို အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါတယ်။ ပထမဦးစွာ ပြည်သူများနဲ့ ဆက်ဆံတဲ့ နေရာမှာ အဆင်ပြေချောမွေ့စေဖို့အတွက် လမ်းအသုံးပြုခကောက်ခံနေတဲ့ Toll Gate ဝန်ထမ်း တွေကို ယဉ်ကျေးပျူငှာစွာ ဆက်ဆံရေးကောင်းမွန်တဲ့ ဝန်ထမ်းများကိုသာ ရွေးချယ်ခန့်ထားဖို့ကိုလည်း ဇေကမ္ဘာကုမ္ပဏီကို ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ထို့အပြင် ကုမ္ပဏီ၏ဆောင်ရွက်ချက်နှင့် ပတ်သက်၍ ပြည်သူတွေက မလိုလားဘူးဆိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ပြည်သူများမှ အားကိုးတဲ့ ပြည်သူ့ကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းပြီးတော့ အရေးယူဆောင်ရွက်သွားမှာ

ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ မည်သို့သောအခြေအနေမျိုးမှာမဆို ပြည်သူတွေကိုသာလျှင် မျက်မှောက်ပြု အဓိကအလေးထား ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့ ကော့မှူး - ကွမ်းခြံကုန်း - ဒေးဒရဲ မြို့တွေမှာရှိတဲ့ ကိုယ်စားလှယ်များ၊ ပြည်သူ့ကိုယ်စားလှယ် များနဲ့အတူ ပူးပေါင်းပြီးတော့ ပြည်သူတွေကျေနပ်တဲ့လမ်းများဖြစ်သည်အထိ ဇေကမ္ဘာကုမ္ပဏီကို အတူတကွ ပူးပေါင်းကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လိုရင်းမေး။ လိုရင်းမေး။

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်တို့ ဒီ ခုန ဝန်ကြီးဖြေသွားတဲ့ထဲမှာ ကျွန်တော်တို့ နှစ်အလိုက်ကို ဘတ်ဂျက်လျာထားမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမယ်ဆိုတဲ့ အပိုင်းက ကျွန်တော်တို့ လက်ရှိလည်း နှစ်အလိုက်က ဆောင်ရွက်နေပါတယ်။ ခုနပြောတဲ့ တစ်နှစ်မှာ (၁)မိုင်ပဲဆိုရင် ကျွန်တော်တောင်းထားတဲ့မိုင်က (၂၀)ဆိုတော့ နှစ်ပေါင်း(၂၀)လောက် ကြာပါလိမ့်မယ်။ ဒါမှ တစ်ခြမ်းပဲရှိပါသေးတယ်။ အဲဒီတော့ ကျွန်တော်လိုချင်တဲ့ဟာကတော့ တိကျတဲ့ အဖြေလေးပေါ့နော်။ ကျွန်တော်တို့ကိုလည်း ကူညီပေးစေလိုပါတယ်။ ကျွန်တော်တို့က ပြည်ထောင်စုလမ်းမကြီး မရောက်တဲ့ နေရာလည်းဖြစ်တယ်။ လျှပ်စစ်မီးလည်းမရတဲ့ မြို့လေးဖြစ်တဲ့အတွက် ကျွန်တော်တို့ကိုလည်း ငဲ့ကြည့်စေ ချင်ပါတယ်။ အဲဒီအတွက် (၂)နှစ် (၃)နှစ်အတွင်းမှာ ကျွန်တော်တောင်းတဲ့ လမ်းပိုင်းပေါ့နော်။ (၂၁)မိုင်ကို (၂)နှစ် (၃)နှစ်အတွင်းမှာ ကျွန်တော်တို့ သတ်မှတ်ပြီးတော့ ဆောင်ရွက်ပေးနိုင်ဖို့ အစီအစဉ် ရှိ/ မရှိကို ကျွန်တော် တိတိကျကျလေး သိချင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖြေလိုက်ပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလမ်း မိုင်(၂၀)ခန့် ကျွန်တော်တို့ ဆောင်ရွက်ရန် ကျန်ရှိပါတယ်။ လမ်းမိုင် (၂၀)မှာ ခုနက ကိုယ်စားလှယ်ကြီးပြောသလို တစ်နှစ်ကို (၁)မိုင်ဆိုရင် နှစ်(၂၀) အဲဒီလို မဖြစ်စေ ရပါဘူးခင်ဗျား။ ကျွန်တော်တို့ ကျန်နေတဲ့(၃)နှစ်အတွင်းမှာပဲ သိသာထင်ရှားတဲ့ တိုးတက်မှုရရှိအောင် ကျွန်တော်တို့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးဝင်း လိုရင်းမေးလိုက်။

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ အခုလို လာရောက်ဖြေကြားပေးတဲ့ ဆောက်လုပ်ရေး ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ အခုဆိုရင် ပိုင်ရှင်ကတော့ ရပါပြီ။ ဝန်ကြီးဌာနက (၂)ခုဖြစ်နေပါတယ်။ ဝန်ကြီးဌာန(၂)ခုဖြစ်နေတဲ့အခါကျတော့ ကျွန်တော်တို့ နောင်အခါမှာ ပြင်ထိန်း လုပ်တဲ့အခါကျရင် ကျွန်တော်တို့ ဝန်ကြီးဌာနတစ်ခုကပြင်တယ်။ တစ်ခုက မပြင်ဘူးဆိုရင် ဒီလမ်းက အဆင်မပြေပါဘူး။ အဲဒီတော့ အခု ကျွန်တော်တို့ ဖြစ်စေချင်တာကတော့ ဝန်ကြီးဌာနတစ်ခုတည်းက နေပြီး ဒီလမ်းတစ်ကြောင်းကို တာဝန်ယူစေချင်ပါတယ်။

အဲဒီတော့ အခု ဒီ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးဌာနအချင်းချင်း ချိတ်ဆက် ပြီးတော့ ဒီလမ်းကို ဆောင်ရွက်လို့ရပါသလား။ ဒါမှမဟုတ် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်

အနေနဲ့ ဘယ်လိုဆောင်ရွက်လို့ရပါသလဲ။ ခုနကတုန်းက ဝန်ကြီးဖြေသွားတဲ့အထဲမှာ ဒီ ပြည်နယ်အစိုးရကနေပြီးတော့ စိစစ်ပြီးလုပ်ဖို့ဆိုပြီးတော့ ပြောနေပါတယ်။ ဒါပေမဲ့ ဒီ ပြည်နယ်အစိုးရကိုလည်းပဲ ကျွန်တော်တို့အနေနဲ့ ဒီ ပြည်ထောင်စုက ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ သွားပြောဖို့ကလည်း အဆင်မပြေပါဘူး။ အဲဒီတော့ ဒီ ဝန်ကြီးဌာနအချင်းချင်း ချိတ်ဆက်ပြီး ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ် ရှိ/မရှိ ကျွန်တော် သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနကပြောတဲ့ ရေး - ကျောင်းရွာလမ်းမှာ လက်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုအောက် စာရင်းဝင်နေတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့နဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့က ဥပမာအားဖြင့်ပြောလို့ရှိရင် မဝွေဇ-ခေါင်လန်ဖူးလမ်းပိုင်းများ ဖောက်လုပ်တယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ သဘောသဘာဝကတော့ သူကတော့ လမ်းကြမ်းများကို ရှေ့ကနေ ရှေ့ပြေးအနေနဲ့ ဖောက်လုပ်သွားတာမျိုးဖြစ်ပါတယ်။ ဒီအတိုင်းပါပဲ ကျွန်တော်တို့ ပန်နန်းဒင် ကနေပြီးတော့ ခါကာဘိုရာဇီတောင်ခြေရှိတဲ့ ဒီ ဂူဘားရွာထိဆိုလို့ရှိရင် နယ်စပ်ရေးရာဝန်ကြီး ဌာနကအရင် ရှေ့ပြေး ဖောက်လုပ်ပါတယ်။ ဒါ ဒီလိုမျိုးတွေရှိပါတယ်။

အဲဒီအချိန်မှာ တကယ်လို့ ဒီလမ်းသည် ပြည်သူတွေ အများစုသွားလာနေပြီး လူအများစုလည်း သုံးနေပြီဖြစ်တဲ့အတွက် ကတ္တရာလမ်း သို့မဟုတ်ရင်လည်း ကွန်ကရစ်လမ်း ဒီလိုမျိုး အဆင့်မြှင့်ဖို့လိုအပ်တယ်လို့ ပြည်နယ်အစိုးရကနေပြီးတော့ ဒါမျိုး ယူဆပြီဆိုလို့ရှိရင်တော့ ပထမဦးဆုံး ဆောင်ရွက်ရမည့်ကိစ္စက ပြည်နယ်အစိုးရကနေပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို စာရေးရပါမယ် ခင်ဗျား။ စာရေးရပါမယ်ဆိုတော့ ဒီလမ်းသည် ဝဲ/ယာ ဘယ်နှစ်မိုင်မှာ လူဦးရေဘယ်လောက်ကို ကိုယ်စားပြုနေတဲ့အတွက် ဒီလမ်းသည် အဆင့်မြှင့်တင်ဖို့လိုအပ်တဲ့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန လမ်းအဖြစ်မှ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ်သို့ သိမ်းသွင်းဆောင်ရွက်ခွင့်ပြုပါရန်၊ သိမ်းသွင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်ဆိုတဲ့စာလေးက တကယ်လို့ ပြည်နယ်အစိုးရဆီကို လွှတ်တော်ကိုယ်စားလှယ်ကြီး ကိုယ်တိုင်က စာရေးလိုက်ရင်လည်း ဖြစ်ပါတယ်ခင်ဗျား။ ပြည်နယ်အစိုးရကနေပြီးတော့ ဆက်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ သူ့လုပ်ထုံးလုပ်နည်းအရတော့ ပထမဦးစွာ ပြည်နယ်အစိုးရကနေ initiate လုပ်ရမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ ဟုတ်ကဲ့။ ဝန်ကြီးဖြေကြားသွားတာရော ဝန်ကြီးကတိကဝတ်ရော ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒီ Certificate ထုတ်ပေးတဲ့နေရာမှာ Certificate ထုတ်ပေးလို့ ကုမ္ပဏီက လမ်းပိုင်းကောက်တယ်ဆိုပေမယ့် တကယ့်လက်တွေ့အခြေအနေမှာ အဲဒီလို မဟုတ်ပါဘူး။ ဒေသခံ ခရီးသွားပြည်သူတွေကလည်း စိတ်အနှောင့်အယှက် တော်တော်ဖြစ်ပါတယ်။ လုံခြုံစိတ်ချရတဲ့လမ်းလည်း ဖြစ်ဖို့လိုအပ်ပါတယ်။ ပြည်သူလူထုကိုယ်စား တင်ပြရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လက်မှတ်ထုတ်ပေးပြီးတော့ ငွေကောက်ခံမှုကို ပြန်လည်စစ်ဆေးပေးဖို့လည်း ကျွန်တော် တောင်းဆိုပါတယ်။ နောက်တစ်ခုက အမှန်တကယ် ရင်းနှီးမြှုပ်နှံမှု လုပ်တာမဟုတ်ဘဲနှင့် ငွေကောက်ပြီးတော့မှ လမ်းပြင်နေတာမျိုးပါ။ မူလအခြေအနေက

ဆောက်လုပ်ရေးက ဆောက်ထားတဲ့လမ်းပေါ်မှာပဲ ပိုက်ဆံကောက်ပြီးတော့မှ ဆက်လုပ်နေတာဖြစ်တဲ့အတွက် ငါးကြင်းဆီနဲ့ ငါးကြင်းကြော်သလို ဖြစ်နေပါတယ်။ အဲဒါအပြင်ကို ကျွန်တော် အဓိက ပြောချင်တာက စာချုပ်ပါစည်းကမ်းတွေအတိုင်း လိုက်နာအကောင်အထည်ဖော်မှု မရှိတာပါ။ အဲဒါ ဘာလဲဆိုတော့ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှာ (၃)နှစ် စာချုပ်ပြည့်သွားပေမယ့်လည်း အဲဒီ စာချုပ်ပါအတိုင်းကို အစိုးရကို ဒဏ်ကြေးဆောင်ရမယ်ဆိုတဲ့ကိစ္စကိုလည်း အခုထက်ထိ ဆောင်ရွက်ခြင်း မရှိသေးပါဘူး။ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း ဝန်ကြီးဌာနက မည်ကဲ့သို့ဆောင်ရွက်ထားမယ်ဆိုတာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ နိုင်ငံတော်အစိုးရအနေနဲ့ အခု ဒီနှစ်မှာ ပြည်သူနဲ့အတူဆိုတဲ့ ဆောင်ပုဒ်ကလေးကို ကျွန်တော်တို့ ကြေညာထားပါတယ်။ အဓိက ကတော့ ဒီ ကျွန်တော်တို့ အစိုးရအဖွဲ့ဝင်တွေရော၊ အစိုးရဝန်ထမ်းတွေအားလုံးဟာ ဒီ ပြည်သူနဲ့အတူ ပြည်သူဘက်ကနေ ခံစားပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်သူတွေအတွက် အခက်အခဲ၊ အတားအဆီး၊ အနှောင့်အယှက်တွေ ဖြစ်နေတာတွေရှိရင် ကျွန်တော်တို့က ချက်ချင်းဖယ်ရှားရမှာ ဖြစ်ပါတယ်။ ပြည်သူအများစု လိုလားနှစ်သက်တဲ့ ပုံစံရသည်အထိ ကျွန်တော်တို့ လုပ်ငန်းများကို ဆောင်ရွက်ကြရမှာပါ။ ပြည်သူနဲ့အတူ ပြည်သူကို ဗဟိုပြုပြီးဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ဒီအတိုင်းပါဘဲ။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ပြည်သူနဲ့အတူဆိုတဲ့ ဆောင်ပုဒ်နဲ့အတူ အားလုံးကို ကျွန်တော်တို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာန ဝန်ထမ်းများတင် မကပါဘူး။ ကျွန်တော်တို့ ဆောက်လုပ်ရေး Industry ထဲမှာရှိတဲ့ Supply Change ကြီးထဲမှာပါနေတဲ့ Stakeholder တွေအားလုံး၊ ဒီထဲမှာ ခုနကပြောတဲ့ ဒီ B.O.T ကုမ္ပဏီများလည်းပါ ပါတယ်။

နောက် ကျွန်တော်တို့နဲ့အတူတွဲလုပ်နေတဲ့ ကန်ထရိုက်တာ၊ ကုမ္ပဏီများလည်း ပါ ပါတယ်။ အားလုံး ဒီ Stakeholder တွေအားလုံးရော၊ ဝန်ထမ်းတွေအားလုံးရော ပြည်သူကို ဗဟိုပြုပါ။ ပြည်သူကို အလေးအနက်ပြုပါဆိုပြီး ကျွန်တော်တို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီနေရာမှာ ပြည်သူ့ကိုယ်စားလှယ်ဖြစ်တဲ့ ဒီ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးကနေ တင်ပြချက်ကို ကြည့်ခြင်းအားဖြင့် ဒီလမ်းပိုင်းကို ဒီဟာ တော်တော်လေးအားနည်းချက် ရှိနေပြီဆိုတာ ကျွန်တော့်အနေနဲ့ သတိပြုမိပါတယ်။ အဲဒီတော့ ဒီနေရာမှာလည်းပဲ ဝန်ထမ်းတွေအနေနဲ့လည်း ဝန်ထမ်းတစ်ယောက်ချင်းစီ ရာထူးတစ်ခုချင်းစီအတွက်ကိုလည်း Duty and Responsibility က ကျွန်တော်တို့ ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်။ ဝန်ထမ်းတွေအားလုံးလည်း အသိပေးပြီးဖြစ်ပါတယ်။ ဝန်ထမ်းတွေအနေနဲ့ကတော့ မိမိရဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ B.O.T ကုမ္ပဏီများကို သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနဲ့အညီ ကြပ်မတ်သွားရမှာ ဖြစ်ပါတယ်။ B.O.T ကုမ္ပဏီများကို သူတို့အနေနဲ့ ကြောက်နေတာမျိုး၊ အားနာနေတာမျိုးနဲ့ အရေးယူရမယ့် ကိစ္စမျိုးကို အရေးမယူဘူးဆိုတာမျိုး မဖြစ်ရအောင် ကျွန်တော်တို့ ဆောင်ရွက်ရမှာပါ။ ဝန်ထမ်းအနေနဲ့ တကယ်လို့ အဲဒါမျိုး အားနည်းချက်ရှိတယ်။ ဆိုရင်တော့ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ ကျွန်တော်တို့ အနေနဲ့ အရေးယူသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဒီလမ်းပိုင်းအနေနဲ့ အခုလိုမျိုး ကိုယ်စားလှယ်ကြီး တင်ပြချက်အရ အားနည်းချက်တွေ တော်တော်ရှိနေပြီဆိုတော့ ကျွန်တော့်အနေနဲ့ အလေးအနက်

တွေးမိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ဒီလမ်းပိုင်းဟာဆိုလို့ရှိရင်လည်းပဲ Grass Root လို့ခေါ်တဲ့ တကယ့်အခြေခံ လုပ်သားတွေသွားလာ နေတဲ့ နိစ္စဓူဝ သွားလာနေတဲ့ လမ်းပိုင်းဖြစ်တဲ့အတွက် ကျွန်တော်တို့ အများကြီး အလေးအနက်ထားရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုလည်း အမြန်ဆုံး တင်ပြပါမယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဦးဆောင်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာဦးစီးဌာန တာဝန်ရှိသူတွေ၊ နောက်တစ်ခါ အဲဒီ ကော့မှူး - ကွမ်းခြံကုန်း - ဒေးဒရဲ-တွံတေး စသဖြင့် ဒီဘက်မှာရှိတဲ့ ပြည်သူ့ကိုယ်စားလှယ်ကြီးတွေ၊ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တွေပါ ဖိတ်ခေါ်ပြီးတော့ ဇေကမ္ဘာ ကုမ္ပဏီရဲ့ Chairman နဲ့ ဒါရိုက်တာအဖွဲ့ဝင်တွေ အားလုံးဖိတ်ခေါ်ပြီးတော့ (၄)ပွင့်ဆိုင် အမြန်ဆုံး ပြည်သူတွေကျေနပ်တဲ့အထိ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကိုယ်စားလှယ် (၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၃။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)** ။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ဖြစ်ပါတယ်။ ပထမဦးဆုံး ဒီဥပဒေကြမ်းပါ ဆွေးနွေးလိုတာက ခေါင်းစဉ်ပါပဲ။ ဒီခေါင်းစဉ်မှာ စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေဆိုတဲ့ ခေါင်းစဉ်မှာ ဒါ အဓိပ္ပာယ်ကို ဘောင်ခတ်ထားသလို ဖြစ်နေပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာလည်း စက်မှုထုတ်ကုန် သို့မဟုတ် လက်မှုထုတ်ကုန် တစ်ခုလုံး စသဖြင့် ပါဝင်ပါတယ်။ IP Law တွေ ရှိတဲ့ စင်ကာပူနိုင်ငံမှာရှိတဲ့ IP Act တွေထဲမှာလည်း Register Design Act ဆိုပြီးတော့ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဒါကြောင့် ကျွန်တော့် အနေနဲ့ ဒီဇိုင်းမူပိုင်ခွင့် ဥပဒေလို့ ပြင်ဆင်လိုပါတယ်ခင်ဗျား။

ဒုတိယအချက်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အခန်း (၃) အပိုဒ် ၄၊ အပိုဒ် ၅ အခန်း(၄) အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈ နဲ့ အခန်း(၅) အပိုဒ် ၉ တို့နဲ့ စပ်လျဉ်းပြီးတော့ ပြောင်းလဲပြင်ဆင်ရမယ့် အချက်များကို မူနဲ့ဥပဒေကြမ်းပါ အပိုဒ်များ ယှဉ်တွဲပြီးတော့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အခန်း(၄) အေဂျင်စီ ဖွဲ့ခြင်းနှင့် လုပ်ငန်းတာဝန်များ ဆိုပြီးတော့ သူ့အောက်မှာ အပိုဒ် ၆၊ ၇၊ ၈ တို့ ပါဝင်ပါတယ်။ ဒီ IP Laws တွေမှာ ပါဝင်တဲ့ Agency တွေရဲ့ အဓိပ္ပာယ်ဟာ တခြားဥပဒေတွေ ဥပမာ ကျွန်တော်တို့ SMEs ဥပဒေတွေမှာ ပါဝင်တဲ့ Agency တွေရဲ့ လုပ်ဆောင်တဲ့ ပုံစံရော၊ အဓိပ္ပာယ်တွေပါ ကွဲပြားပါတယ်။ ဒီဥပဒေတွေဟာ စီးပွားရေးနဲ့ဆိုင်တဲ့ ဥပဒေချင်း တူပေမယ်လို့ Development ဖွံ့ဖြိုးတိုးတက်အောင် လုပ်တာနဲ့ Enforcement ဥပဒေတိုင်း ဆောင်ရွက်ဖို့ဆိုတဲ့ သဘောတရားတွေဟာ ကွဲပြားပါတယ်။ IP Act ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် တို့ Enforcement ဖြစ်အောင် ဘယ်လိုဆောင်ရွက်ထားသလဲဆိုတာ ပိုအရေးကြီးပါတယ်။ နိုင်ငံတကာ က ဒီကုမ္ပဏီတွေဟာလည်း သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်တဲ့နေရာမှာ IP က ဘယ်လိုကာကွယ် ပေးထားသလဲဆိုတာကို အဓိကထည့်သွင်းစဉ်းစားကြပါတယ်။

သာဓကအနေနဲ့ ထိုင်းနိုင်ငံမှာရှိတဲ့ IP ပုံစံမှာ National Intellectual Property Centre အနေနဲ့ အစိုးရရဲ့ အောက်မှာရှိနေတဲ့ အဖွဲ့အစည်းတွေနဲ့ နောက်တစ်ခု ပြင်ပ Client IP မှတ်ပုံတင်သူတွေရဲ့ Private Sector ကို ကိုယ်စားပြုထားတဲ့ Agency တွေ ပေါင်းစည်းပြီးတော့ Enforcement ဖြစ်အောင် Anti- Counterfeiting လို့ ခေါ်တဲ့ တုပ နှိမ်နင်းရေးတွေ ပပျောက်အောင် သာ နှိမ်နင်းရေးတွေကို ဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ ဒီ Agency ဆိုတာဟာ ဒီ Client တွေရဲ့ အကျိုးဆောင်ပေးတဲ့ အဖွဲ့အစည်းသာ ဖြစ်ပါတယ်။ IP Act ဘယ်လိုပဲရှိရှိ ရှိပေမယ့်လည်း စီးပွားရေး လုပ်ငန်းရှင်တွေ ဒီမှတ်ပုံတင်ထားသူတွေဟာ မိမိတို့ရဲ့ အကျိုးစီးပွားကို အကာအကွယ်ပြုပေးဖို့ အတွက် ဝန်ဆောင်မှုပေးတဲ့ Agency တွေကို ထားရပါမယ်။ ဒီ Agency တွေဟာ သူတို့ရဲ့အလုပ်က ထောက်လှမ်းတာ၊ စုံစမ်းတာ နောက်တစ်ခုက IP Law တွေ ကောင်းမွန်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ဥပဒေအရ လိုအပ်ချက်တွေကို ဗဟိုကော်မတီကို တင်ပြပြီးတော့ ညှိနှိုင်း ဆောင်ရွက်ရတာတွေ ဖြစ်ပါတယ်။

အဲဒီတော့ ဗဟိုကော်မတီ အစိုးရအဖွဲ့အစည်း Ministry တွေအနေနဲ့ဘက်ကလည်းပဲ ဦးစီးဌာနတွေ နောက်တစ်ခုက ရဲ၊ နောက်တစ်ခုက Custom အကောက်ခွန်အရာရှိတွေ ပေါင်းစပ်ပေးပြီးတော့ ဆောင်ရွက်ပေးရတာတွေ ဖြစ်ပါတယ်။ ဥပဒေကြမ်းမှာဆိုလို့ရှိရင် ဦးစီးဌာနရဲ့ လုပ်ငန်းတာဝန်တွေဟာ Agency တို့၊ ဗဟိုကော်မတီတို့ရဲ့အောက်မှာ ထည့်သွင်းထားတာကို တွေ့ရပါတယ်။ ဦးစီးဌာနဟာ နောက်ပြီးတော့ ရုံးပိုင်းဆိုင်ရာကို အဓိက ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် Agency ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ပယ်ဖျက်သင့်ပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်မှာလည်း ဒါ မပါပါဘူး။

အဲဒီတော့ ကော်မတီ ဖွဲ့စည်းမှုကိုလည်း အဆိုပြုပြဋ္ဌာန်းချက်အတိုင်း သက်ဆိုင်ရာ ဝန်ကြီးဌာနဖြစ်တဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဖြည့်စွက်အစားထိုးပြီးတော့ ထားသင့်ပါတယ်။ အဲဒီတော့ သက်ဆိုင်တဲ့ ဝန်ကြီးဌာန၊ ဦးစီးဌာနတွေကသာ IP Right တွေ အသိဉာဏ်ပစ္စည်း ကာကွယ်ရေးတွေကို ထိထိရောက်ရောက် ဆောင်ရွက်ရမှာဖြစ်ပြီးတော့ နိုင်ငံတော်သမ္မတနဲ့ ပြည်ထောင်စု အစိုးရအဖွဲ့ကို အစီရင်ခံစာတွေ တင်သွင်းရမှာ ဖြစ်ပါတယ်။ အဲဒီတော့ တခြားနိုင်ငံတွေမှာလည်း

IP Act တွေ Law တွေဟာ ကော်မတီတို့၊ Agency တို့ ဖွဲ့စည်းထားတာ မပါ ပါဘူး။ ဥပမာ Thailand တို့၊ Singapore တို့ ဥပမာအနေနဲ့ Singapore မှာဆိုလို့ရှိရင်လည်း IP Act တွေ အားလုံးရဲ့ အချုပ်ဖြစ်တဲ့ IPOS International Property Office Act ဆိုပြီးတော့ ပြဋ္ဌာန်းထားတာတော့ ရှိပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့ လုပ်ပိုင်ခွင့်၊ တာဝန်တွေနဲ့ ပတ်သက်ပြီးတော့ ကော်မတီဟာ ဒီအသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ Convention တွေ နောက်တစ်ခုက စာချုပ်၊ သဘောတူညီချက် Trechies တွေ Bilateral, Multi-lateral Agreements တွေမှာ ပါဝင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက မူဝါဒလုပ်ငန်းစဉ်တွေကိုလည်း ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဦးစီးဌာန Department ကတော့ မှတ်ပုံတင်တာ၊ ထုတ်ပြန်ကြေညာတာတွေ စတဲ့ မူပိုင်ခွင့် မှတ်ပုံတင်ချင်သူတွေ အကာအကွယ်ယူလိုသူတွေအတွက် Portal တစ်ခုအနေနဲ့ ရုံးပိုင်းဆိုင်ရာ လုပ်ငန်းတွေကို အဓိကထားပြီးတော့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ပြီးတော့ ဥပဒေကြမ်းမှာ ဦးစီးဌာနရဲ့ တာဝန်တွေဟာ Agency ထဲကို ရောက်နေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါကြောင့် အဆိုပြုပြဋ္ဌာန်းချက်ပါ အပိုဒ်တွေကို အခြေခံပြီးတော့ ပြင်ဆင်သင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၉။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အားလုံးပဲ မင်္ဂလာပါ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ ကိုယ်ရော စိတ်ပါ ဘေးရန်ကွာပြီးတော့ မိမိတို့၏ခန္ဓာကိုယ်ကို သက်ဆိုးတိုင် ရွက်ဆောင်နိုင်ကြပါစေလို့ ဦးစွာ မေတ္တာပို့ဆုတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သပါ တယ်။ ကျွန်တော် ဒီကနေ့ ဆွေးနွေးမှာကတော့ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကို ကျွန်တော် ပြင်ဆင်ချက်(၅)ချက်နဲ့ ကျွန်တော် ဆွေးနွေးသွားပါမယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါ ကျွန်တော် ပြင်ဆင်တဲ့ ပုဒ်မ ၄ (က) ဖြစ်ပါတယ်။ ပုဒ်မ ၄ (က)မှာ မူလပြဋ္ဌာန်းထားတာက (၄)ဦး ထက်မပိုသော အဖွဲ့ဝင် မူပိုင်ခွင့် နည်းပညာရှင်များဆိုပြီးတော့ ပြဋ္ဌာန်းထားတဲ့အခါမှာ ကျွန်တော်က (၄)ဦးထက်မပိုသော ဆိုတဲ့ စကားက ကော်မတီတွေ၊ ကော်မရှင်တွေ ဖွဲ့စည်းတဲ့အခါမှာ မူ ရှိပါတယ်။ မ ဂဏန်းနဲ့ ဖွဲ့စည်းရမယ့် ဥပဒေမှာ ကော်မတီတို့၊ ကော်မရှင်တို့ ဖွဲ့တဲ့အခါမှာ မဂဏန်းနဲ့ဖြစ်အောင် ဖွဲ့စည်းရမှာဖြစ်တဲ့အတွက် အဲဒီလို မပိုသောဆိုတဲ့ တိကျတဲ့ ကိန်းဂဏန်းတွေကို ဖွဲ့စည်းလို့ မရပါဘူး။ အောက်မှာလည်း ဒီလိုပါပဲ (၂)ဦးထက်မပိုသောဆိုတဲ့ဟာ ကျွန်တော်က ဖြုတ်ချပြီးတော့ ဒါကို ကျွန်တော် တိတိကျကျ သတ်မှတ်ပေးချင်တဲ့ ပြင်ဆင်ချက်မျိုး ဖြစ်တဲ့အတွက် ပုဒ်မ ၅ မှာ မူပိုင်ခွင့် နည်းပညာဆိုင်ရာပညာရှင် (၅)ဦး ဆိုပြီးတော့ (၄)ဦးနေရာမှာ (၅)ဦးလို့ ကျွန်တော် ပြင်ပါတယ်။ နောက် (၂)ဦးနေရာမှာတော့ (၂)ဦးလို့ မပြင်ဘူး၊ ဘာကြောင့် (၄) ဦးကို (၅)ဦး ပြင်ရတာလဲ ဆိုရင် ခုန ပြဋ္ဌာန်းထားတဲ့ ဥပဒေမှာ

ဖွဲ့စည်းထားတာက မဂဏန်းဖြစ်ဖို့အတွက်ကို ကျွန်တော်တို့ (၄)ဦးနဲ့ ဖြစ်လို့မရပါဘူး။ (၅)ဦးဖြစ်မှ သာလျှင် ဖွဲ့စည်းလို့ အဆင်ပြေမှာဖြစ်တဲ့အတွက် (၅)ဦးလို့ ပြင်ဆင်ခြင်း ဖြစ်ပါတယ်။

ဒါကတော့ ၂ (ဆ) ဖြစ်ပါတယ်။ ၂ (ဆ)မှာ ဖြည့်စွက်ထားတဲ့စကားရပ်ကတော့ အလှအပ တန်ဆာရဲ့ နောက်မှာ သို့မဟုတ် အလှအပကုန်ပစ္စည်းဆိုတဲ့ စကားရပ်ကို ကျွန်တော် ထည့်သွင်း ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ ဒါက ဗဟိုကော်မတီဖွဲ့စည်းတဲ့အထဲမှာလည်း ပထမ ကျွန်တော် မူလ ၄(က) အတိုင်းပါပဲ ကျွန်တော် ပြင်ဆင်ထားတာ ဖြစ်ပါတယ်။ ဒါက အသစ်ဖြည့်စွက်ချက် ဖြစ်ပါတယ်။ အရင် လွှတ်တော်ဆိုင်ရာသဘောတူညီချက် ကုန်ဆုံးပြီးတဲ့နောက်မှာ တစ်နှစ်အတွင်း ဖန်တီးခဲ့တဲ့ စက်မှုဒီဇိုင်း အပေါ်မှာ ယခင်အလုပ်ရှင်က ငွေကြေးနှင့်အထောက်အပံ့မပေးခြင်းဆိုတဲ့ စကားရပ်ကို ထည့်လိုက်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီ စက်မှုဒီဇိုင်း တီထွင်တဲ့အခါမှာ ပုဒ်မ ၄ အရ ယခင် အလုပ်ရှင်နဲ့ အလုပ်သမားနဲ့ ပတ်သက်ပြီးတော့ စက်မှုဒီဇိုင်း တီထွင်တဲ့အခါမှာ အလုပ်ရှင်က ဘယ်လိုအနေအထား မျိုးမှာ လျှောက်ရမယ် အလုပ်သမားက ဘယ်လိုအနေအထားမျိုးမှာ လျှောက်ရမယ်ဆိုတဲ့ နေရာမှာ အလုပ်သမားရဲ့ အခွင့်အရေးဆုံးရှုံးမှုမရှိအောင် ယခင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက် ကုန်ဆုံးပြီးတော့ နောက် (၁)နှစ်အတွင်းမှာဖန်တီးခဲ့တဲ့ စက်မှုဒီဇိုင်းကို ယခင် အလုပ်ရှင်က လုံးဝ မထောက်ပံ့တော့ဘူး။ စွန့်လွှတ်လိုက်ပြီဆိုရင် ဒီစက်မှုဒီဇိုင်းကို အလုပ်သမားက ဆက်လက်ပြီး ကြိုးစား အားထုတ်လို့ အောင်မြင်တယ်ဆိုရင် စက်မှုဒီဇိုင်းကို လျှောက်ခွင့်ရှိတဲ့လူက အလုပ်သမားပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီပုဒ်မက ထည့်သွင်းခြင်း ဖြစ်ပါတယ်။

ဒါက ကျွန်တော် နှစ်ဦးနှစ်ဖက် တရားစွဲဆို ရင်ဆိုင်နေရသည့်ကာလ ဆိုသည့် စကားကို ထည့်တဲ့အခါမှာ မှတ်ပုံတင် တင်တဲ့အခါမှာ အခွင့်အရေး ဆုံးရှုံးပြီးတော့ ဒုတိယအကြိမ် ပြန်လျှောက်တဲ့ ပုဒ်မ ဖြစ်ပါတယ်။ အဲဒီအခါမှာ လုပ်ပုဝန်ထမ်းအရာရှိက ရပ်ဆိုင်းထားပေးရမယ်။ ဘယ်လိုအခြေအနေ မှာ ရပ်ဆိုင်းထားပေးရမလဲဆိုရင် အယူခံတင်သွင်းတဲ့ကာလမှာ ရပ်ဆိုင်းထားရမယ်လို့ ဆိုတယ်။ ဒီနေရာမှာ ဖြည့်စွက်တာက အယူခံ ဝင်တဲ့အချိန်ရော၊ တရားစွဲဆိုတဲ့အချိန်မှာပါ ဆိုင်းငံ့ထားရမှာ ဖြစ်တဲ့ အတွက် နှစ်ဦးနှစ်ဖက် တရားစွဲဆို ရင်ဆိုင်နေရသည့်ကာလကို ထည့်သွင်းခြင်း ဖြစ်ပါတယ်။ ပြီးသွား ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ က ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၅။**

**နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)** ။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ကုန်ပစ္စည်းအမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကို အမြန်ဆုံး ပြဋ္ဌာန်းစေချင်ပါတယ်။ မျှော်လင့်ခဲ့တာလည်း ကြာပါပြီ။ ကျွန်မရဲ့ ဒေသထွက် စိုက်ပျိုးရေးထုတ်ကုန်တွေဟာ နှစ်ပေါင်းများစွာ အခွင့်အရေး ဆုံးရှုံးခဲ့ရလို့ပါ။ ကမ္ဘာ့စိုက်ပျိုးရေး ထုတ်ကုန်ဈေးကွက် (၈၀)ရာခိုင်နှုန်း ပိုင်ဆိုင်ထားတဲ့ ဗီယက်နမ်ဟာ သူ့ရဲ့ Bomauthout ခရိုင်တစ်ခရိုင်ထဲမှာပဲရှိတဲ့ စိုက်ပျိုးရေးထုတ်ကုန်အမျိုး (၈၀)ကို မူပိုင်ခွင့်လုပ်ထားတာ တွေ့ရပါတယ်။ အဲဒီအတွက် ကျွန်မဒေသရဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေအတွက် ကုန်ပစ္စည်းအမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကို ဆွေးနွေးရခြင်း ဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံပါတယ်။ အခန်း(၁) အမည် စတင်အာဏာ တည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်မှာ ပုဒ်မ ၂ (ဖ)မှာ ဒေသဆိုင်ရာ အညွှန်းပိုင်ရှင်နှင့်ကို ထပ်ဖြည့်ချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကုန်အမှတ်တံဆိပ်နဲ့ ဒေသဆိုင်ရာ အညွှန်းတို့ရဲ့ အကျိုးစီးပွားက ကွာခြားပါတယ်။ ဒေသဆိုင်ရာ အညွှန်းဟာ ကုန်ပစ္စည်းထုတ်လုပ်တဲ့ နယ်မြေဒေသအတွင်းမှာရှိတဲ့ ဒေသခံပြည်သူများ သုံးစွဲခွင့်ရှိတဲ့ လူထုအခြေပြု အခွင့်အရေး ဖြစ်ပါတယ်။ ရှိပါတယ်။ ဆက်လက်ပြီး အခန်း(၃) ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များမှာ ပုဒ်မ ၄(က) ၊ ၆ မှာ လူတစ်ဦး ထက်မပိုသော စီးပွားရေးဆိုင်ရာအစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလို့ ပြင်ဆင်ချင်ပါတယ်။ ပါဝင်သင့် ပါဝင်ထိုက်တဲ့ ပုဂ္ဂိုလ်များကို တိတိကျကျ ဖော်ပြပေးဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။

ဆက်လက်ပြီး အခန်း(၁၂) မှတ်ပုံတင်ထားသော အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများမှာ ပုဒ်မ ၃၈(က)၊ ၁ မှာ ယင်း၏ သဘောတူညီချက်မရဘဲ အခြားသူတစ်ဦးက အလား တူသော ကုန်ပစ္စည်းဝန်ဆောင်မှုတွေ အသုံးပြု၍ ကုန်သွယ်မှုပြုရာတွင် အများပြည်သူ ထင်ယောင် ထင်မှားဖြစ်စေပါက ဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်လို့ ပြင်ဆင်ချင်ပါတယ်။ ထင်ယောင် ထင်မှားဖြစ်စေခြင်းဟာ ထပ်တူကျဖို့ မလိုတဲ့အတွက် အလားတူလို့ပဲ ဖော်ပြချင်ပါတယ်။ ဆက်လက်

ပြီးတော့ အခန်း(၁၆) ဒေသဆိုင်ရာ အညွှန်းမှာ ပုဒ်မ ၅၇(ဂ) ၊ ၁ မှာ အများပြည်သူကို ဖြုတ်ပြီး ကုန်ပစ္စည်းရဲ့ ဒေသဆိုင်ရာ အညွှန်းနှင့်စပ်လျဉ်း၍ လက်ဖျားရာ အလို့ငှာ မူရင်းဒေသမှန်မှ မဟုတ်ဘဲ အဆိုပါ ဒေသမှထွက်ရှိသော ပစ္စည်းဖြစ်ကြောင်းဖော်ပြ၍ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းလို့ ပြင်ဆင်ချင်ပါတယ်။ အများပြည်သူဆိုတာ မိမိနိုင်ငံအတွင်း အဝန်းအဝိုင်းမှာပဲ လှည့်ဖြားဦးဖြစ်ပြီးတဲ့နောက် မိမိနိုင်ငံပြင်ပ ကျော်လွန် လှည့်ဖြားခြင်းများဟာလည်း ရှိနေပါတယ်။ ဥပမာ ကျွန်မရဲ့ မဲဆန္ဒနယ်မှာ ဒေသထွက် စိုက်ပျိုးရေးကုန်ဖြစ်တဲ့ ဖာလာသီးနှံကို အခြားနိုင်ငံတစ်နိုင်ငံကဝယ်ပြီး Wal - Mart မှာ သူ့နိုင်ငံထွက် ပစ္စည်းအဖြစ် ရောင်းပါတယ်။ အဲဒါ ကျွန်မတို့နိုင်ငံကို ကျော်လွန်ပြီး ကမ္ဘာမှာ လှည့်ဖြားခြင်းပဲ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ အခန်း (၁၆) ဒေသဆိုင်ရာ အညွှန်းမှာ ပုဒ်မ ၅၉ (က)မှာ ဒေသဆိုင်ရာ အညွှန်းတစ်ခုကို မှတ်ပုံတင်သည့် သက်တမ်းသည် အကျိုးဖြစ်ထွန်းမှု ကာလအထိ ဖြစ်သည်လို့ ပြင်ဆင်ချင်ပါတယ်။ ဥပမာ ကချင်ဒေသက ကျောက်စိမ်းဟာ ထွက်ရှိနေသမျှ ကာလပတ်လုံး သက်တမ်းရှိနေမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အခန်း (၂၃) ပြစ်မှုနဲ့ပြစ်ဒဏ်များမှာ ပုဒ်မ ၈၉ မှာ ပုဒ်မ ၈၈ (က)ကနေ (ဃ)အထိ ပြုလုပ်မှုအတွက် ပုဒ်မ ၈၉ (က)အဖြစ် ပုဒ်မ ၈၉ ပါ ပြစ်ဒဏ်အတိုင်းပဲ ချမှတ်ချင်ပါတယ်။ သို့ပေမယ့်လည်း ပုဒ်မ ၈၈ (င)မှာ အမှတ်တံဆိပ်အတုကို အသုံးပြုထားသည့် ကုန်ပစ္စည်းအား နိုင်ငံတော်သို့ တင်သွင်းခြင်း သို့မဟုတ် နိုင်ငံတော်မှတင်ပို့ခြင်း ပြုလုပ်လျှင်ကို ၈၉ (ခ)နဲ့ ထိုသူအား (၃)နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကုန်ပစ္စည်းတန်ဖိုး၏ နှစ်ဆ ငွေဒဏ် ချမှတ်ရမည်လို့ ထပ်ဖြည့်ချင်ပါတယ်။ ကျိုးကြောင်းပြအနေနဲ့ လက်ရှိကုန်ပစ္စည်းတွေ အခွန်ဆောင်ဖို့ ပျက်ကွက်မယ်ဆိုရင် ဥပမာ ကျွန်မတို့ ဒေသမှာထွက်တဲ့ ဖာလာသီးနှံ အခွန်ဆောင်ဖို့ ပျက်ကွက်မယ်ဆိုရင် အဲဒီကုန်ပစ္စည်းရဲ့ တန်ဖိုးနှစ်ဆအနေနဲ့ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ဒဏ်ရိုက်ပါ။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒီ ၈၉ (ခ)ကို ထပ်ပြီး ဖြည့်စွက်ချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၁။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြမယ့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း ပဲ ဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးဖို့ တောင်းခံအပ်ပါတယ်။ ပထမဦးဆုံး ပြင်ဆင်ချင်တဲ့ ပုဒ်မကတော့ အခန်း(၁)မှ ပုဒ်မ ၂ (ည)ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက မူလပြဋ္ဌာန်းချက်အတိုင်းထားပေမယ့် ကျွန်တော်ကတော့ ကုန်သည်များဖြင့် စုစည်းထားသော အဖွဲ့အစည်း အသင်းအဖွဲ့ သို့မဟုတ်ရဲ့ နောက်မှာ လုပ်ငန်းရှင်များ... လုပ်မူစီးပွားအသင်းအဖွဲ့ သို့မဟုတ် ဆိုတာကို အစားထိုးချင်ပါတယ်။ မြန်မာနိုင်ငံ သမဝါယမ

အသင်းချုပ်ကြီး (Central Cooperative Society)ရဲ့ မူကတော့ သမဝါယမအသင်းကို စီးပွားရေး လုပ်ပိုင်ခွင့် ပေးမထားပါဘူး။ ငွေစုငွေချေးပဲ လုပ်ပိုင်ခွင့်ပေးပါတယ်။ သမဝါယမ စာသားထည့်ထား တာ ကြိုက်ပေမယ့် ပိုပြီးရှင်းအောင်၊ ပိုပြီးပြည့်စုံသေချာအောင် လူမှုစီးပွားရေးအသင်းအဖွဲ့ သို့မဟုတ် ဆိုတဲ့ Social Enterprise ကို ကိုယ်စားပြု ထည့်ထားရခြင်းဖြစ်ပါတယ်။

နောက် ပြင်ချင်တဲ့ ပုဒ်မတစ်ခုကတော့ ပုဒ်မ ၂ ရဲ့ (တ)ဖြစ်ပြီး စာကြောင်းအစ အခွင့်အရေး ရရှိသူဆိုသည်မှာရဲ့ နောက် နိုင်ငံတော်၏ ထူးခြားထွက်ကုန်ဒေသရှိ ဌာနေ တိုင်းရင်းသားများ ဆိုတာကို အစားထိုး ဖြည့်စွက်ထားပါတယ်။ ရည်ရွယ်ချက်ကတော့ ကမ္ဘာနဲ့ယှဉ်ပြီးပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံအတွင်း မှာပဲ ဖြစ်ဖြစ် ဒေသ(၁)ခု၊ (၂)ခုထဲမှာသာ ထွက်တတ်တဲ့ သဘာဝရှားပါး သယံဇာတတွင်းထွက်ရတနာ ဆေးဝါးသုံး သစ်ပင်၊ သစ်ဥ၊ သစ်ဖုအခြားထွက်ကုန်များနှင့် ၎င်းဒေသရှိ ဒေသခံတိုင်းရင်းသားတို့ရဲ့ အကျိုး၊ နိုင်ငံတော်ရဲ့အကျိုးကို ကာကွယ်နိုင်ရန်အလို့ငှာ ဒီလိုထည့်သွင်းထားခြင်း ဖြစ်ပါတယ်။

ဥပမာ ကျွန်တော်တို့နိုင်ငံ ကချင်ပြည်နယ် ဖားကန့်၊ စစ်ကိုင်းတိုင်း ခန္တီးတို့မှာသာ ထွက်ရှိတဲ့ Jettide အဆင့် 7 ရှိ ကျောက်စိမ်းရတနာဆိုရင် ကျွန်တော်တို့ပြည်သူ၊ ပြည်သားတွေရဲ့ မူပိုင်ပဲဖြစ်သင့် ပါတယ်။ ထိုင်းမှာရှိတဲ့ ဆေးမြစ်တစ်ခု HIV, AIDS ကုရာမှာ အသုံးပြုနိုင်ပါတယ်။ နိုင်ငံခြား လုပ်ငန်းရှင် တစ်ဦးက ဒါကို မှတ်ပုံတင်လိုက်တော့ သူတို့ ထိုင်းနိုင်ငံအတွက် အဲဒီဆေးမြစ်ကိုသုံးပြီး ဆေးဖော်ခွင့် မရတော့ဘဲ တရားတောင် စွဲခံရပါသေးတယ်။ မြန်မာ့သနပ်ခါးကိုလည်း ပြင်ပနိုင်ငံတစ်ခုက မှတ်ပုံတင် ထားလိုက်တော့ အခုဆိုရင် ကုန်ချောပို့ခွင့်မရှိဘဲ ကုန်ကြမ်းပဲ ပို့ရတယ်လို့ ကြားသိပါတယ်။ ဒါကြောင့် ပုဒ်မ ၂(ဌ)မှာ ဖော်ပြထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့လည်း ကိုက်ညီတဲ့ ဒေသဆိုင်ရာအညွှန်း Geographical Indicator (GI) အရ မှတ်ပုံတင်ရပါမယ်။ ဥပမာ ကုန်ပစ္စည်းတစ်ခု Trademark က နဂါးမင်းတံဆိပ် (GI) အမှတ်တံဆိပ်က ဖားကန့် စသဖြင့် ဒါမှ ဒေသခံတွေရဲ့အကျိုး ကိုယ့်တိုင်းပြည်ရဲ့ ပုံရိပ်ဖြစ်တဲ့ ကုန်ပစ္စည်းမျိုးကို ကာကွယ်ပြီးသား ဖြစ်မှာပါ။

နောက် ပြင်မယ့် ပုဒ်မ တစ်ခုကတော့ ဥပဒေကြမ်းကော်မတီမှာ ဖော်ပြထားတဲ့ ပုဒ်မ ၂(န) ဖြစ်ပါတယ်။ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော မူပိုင်ခွင့်ဆိုင်ရာနောက်မှာ Convention စာသားအစား ပြဋ္ဌာန်းချက်များလို့ အစားထိုးချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခြေခံဥပဒေရဲ့ အခန်း (၁၅)ပါ အထွေထွေပြဋ္ဌာန်းချက်များရဲ့ ပုဒ်မ ၄၅၂၊ ပုဒ်မ ၄၅၀ တို့အရ ချိတ်ဆက်မိသွားအောင်လို့ Convention ဆိုတဲ့ စာသားကို ပြဋ္ဌာန်းချက်များလို့ အစားထိုးရခြင်း ဖြစ်ပါတယ်။

နောက်ဆုံးတစ်ခုကတော့ မူလပြဋ္ဌာန်းချက်အခန်း(၂၂) ပုဒ်မ ၈၆ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အရဆိုရင် အခန်း(၂၃) ပုဒ်မ ၈၈ ထဲက ဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်သူအား အားပေး ကူညီရင်ဖြစ်စေ ထိုသူအားရဲ့နောက်မှာ (၃)နှစ်အထက် စာသားနေရာမှာ (၂)နှစ်အောက်ဆိုတာကို ပြောင်းလဲအစားထိုး လိုပါတယ်။ တံဆိပ်မသိ စာမဖတ် အမှတ်တမဲ့ သွေးရိုးသားရိုး လက်ဝယ်ထား ကိုင်တွယ်အသုံးပြုတဲ့ သူတွေအတွက် ပြစ်ဒဏ်နဲ့ မမျှဘူးထင်လို့ပါ။ ဒါမှမဟုတ်ရင် ကုန်တံဆိပ်အတု ပုဒ်မနဲ့ တီရှပ်လေးတစ်ထည် ရောင်းဝယ်မိတာနဲ့ အာမခံမရဘဲ ထောင်ထဲမှာ လူတွေများပြီး နိုင်ငံ အတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်နေတော့မှာပါ။ နောက်ဆုံးအနေနဲ့ ဆွေးနွေးလိုတာကတော့ ဒီဥပဒေကြမ်းမှာ ပါတဲ့ အခန်း ၁၇ ထဲက အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်လျှောက်ထားခြင်းဆိုတာကို အထူးအကြံပြု

လိုပါတယ်။ မူလပြဋ္ဌာန်းချက် ပုဒ်မ ၆၂ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်အရ ပုဒ်မ ၆၄ ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာအမှတ်တံဆိပ် မှတ်ပုံတင်စနစ် သဘောတူစာချုပ်သို့ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားလိုသူများသည် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်စနစ်ကို ကျင့်သုံးလိုပါက သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်ဆိုတာနဲ့ ပတ်သက်လို့ အဲဒီလို လျှောက်ထားမှသာ မူပိုင်ခွင့် တစ်ရပ်ရပ်ကို အကာအကွယ်ရရှိတဲ့နိုင်ငံများက အကာအကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ မှတ်ပုံမတင်ထားပါက အကာအကွယ်မရနိုင်ပါ။ နိုင်ငံခြားတိုင်းပြည်မှာ မှတ်ပုံတင်ထားခြင်းဖြင့် မိမိကုမ္ပဏီအနေဖြင့် အထူးသီးသန့်အခွင့်အရေး ခံစားနိုင်ပါတယ်။ နိုင်ငံခြားမှ အခြားကုမ္ပဏီများထံကို မိမိရဲ့မူပိုင်ခွင့်ကို လိုင်စင်ချထားပေးနိုင်ပြီး မိမိလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာနိုင်တဲ့ အပြင် အခြားသူများနဲ့လည်း ပေါင်းစပ်ဈေးကွက်ချဲ့နိုင်ပါတယ်။ ဒီအခွင့်အလမ်းတွေအတွက် မိမိနိုင်ငံ အနေနဲ့ အပြည်ပြည်ဆိုင်ရာတီထွင်မှု၊ ပူးပေါင်းဆောင်ရွက်ရေး သဘောထားစာချုပ်အဖွဲ့ဝင် PCT အဖွဲ့ဝင်နိုင်ငံဖြစ်ရန် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့အသိဉာဏ်အဖွဲ့အစည်းရဲ့ PCT လျှောက်လွှာရုံးမှာ ဤဥပဒေပြဋ္ဌာန်းပြီးပါက အမြန်ဝင်ရောက်လျှောက်ထားရန် လိုအပ်ပါကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။ IP Law ကို အခုလို ပြဋ္ဌာန်းပေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှုတွေ တက်လာမယ်။ ကုန်သွယ်မှုတိုးလာပြီး အခွန်အခတွေ ပိုရလာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာမယ့်အပြင် အဲဒါတွေအသက်ဝင်လာရင် R and D ဆိုတဲ့ Research and Development တိုးတက်လာမယ်။ စားသုံးသူ အခွင့်အရေးတွေ ကာကွယ်မှုရလာမယ်။ ဘွဲ့ရပညာရှင်တီထွင်သူတွေက Market ထဲ ဝင်ရောက်ဖို့ IP ရုံးတွေမှာ မှတ်ပုံတင်ကြပါမယ်။ SME ကိုလည်း ကာကွယ်မယ်။ Digital Economy ဖြစ်တဲ့ Online Shopping ခေတ်နဲ့လည်း လိုအပ်ချက်အရ IP Law နဲ့ကိုက်ညီပြီး အလွန်အကျိုးပြုတဲ့ ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

နိုင်ငံတော်၏ ထူးခြားထွက်ကုန်ဒေသ သဘာဝ၏ လက်ဆောင်မွန် မြင်ကွင်းပုံ (ည)



**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါ။ အဲဒီတော့ ဒီ IP Law တွေက ကျွန်တော်တို့ ဥပဒေကြမ်း အနေနဲ့(၄)ခု ကျွန်တော်တို့ လွှတ်တော်ကြီးကို တင်လာတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရင်းနှီး မြှုပ်နှံမှုဥပဒေပြဋ္ဌာန်းပြီးတဲ့အခါမှာ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒီ IP Law တွေဟာ မဖြစ်မနေပဲ လိုအပ်ပါတယ်။ အဲဒီတော့ လက်ရှိတည်ရှိနေတဲ့ ဥပဒေကြမ်း(၄)ခုဟာ Patent, Design နဲ့ Copy Right နဲ့ Trade Mark ဥပဒေကြမ်းတွေပဲဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံမှာတော့ ကျွန်တော်တို့ မြန်မာ Copy Right Act ၁၉၁၄ ဒီဥပဒေသာ အဟောင်း အနေနဲ့သာ ရှိခဲ့တာ ဖြစ်ပါတယ်။

အဲဒီတော့ ဒီနေရာမှာ ကျွန်တော်ဆွေးနွေးလိုတာက ဒီ IP Law တွေ IP Act တွေ ရှိနေပေမယ့်လို့ Enforcement အပိုင်းမှာ မကိုင်တွယ်နိုင်တာတွေ အများကြီးရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံအဖို့ ဒီ IP ဥပဒေတွေဟာ နောက်ဆက်တွဲ ကောင်းကျိုး၊ ဆိုးကျိုးတွေပါရှိပြီး နိုင်ငံတကာ အတွေ့အကြုံအရလည်း ဥပဒေတွေကို မကြာခဏပြင်ဆင်ရတာရှိပါတယ်။ ဒီဥပဒေမှာ အဓိကဖြစ်တဲ့ Administrative Body ပါ။ ဖွဲ့စည်းတဲ့ပုံစံပါ။ ဒီဖွဲ့စည်းမှုဟာ အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီတော့ ဥပဒေကြမ်းရဲ့ပြင်ဆင်ချက်ထဲမှာ Agency ဟာ ဦးစီးဌာနရဲ့အပေါ်မှာ ရှိနေပြီးတော့ ဒီ ဦးစီးဌာနလုပ်ကိုင်ရမယ့် လုပ်ပိုင်ခွင့်နဲ့တာဝန်တွေကို သွားပြီးပါနေတာရှိပါတယ်။ ဒီအနေအထားဟာ ဒီလို ဦးစီးဌာနဟာ Agency ခိုင်းသမျှ လုပ်နေရမယ့်ပုံစံမျိုးမဟုတ်ပါဘူး။ ဥပဒေအရ ပြဋ္ဌာန်းချက် အတိုင်းသာ ဒါ ဆောင်ရွက်သင့်ပါတယ်။ ဒီလိုသာ ဒါထားရှိမယ်ဆိုရင် ကျွန်တော်တို့ ဒီ Conflict of Interest(COI) ဖြစ်တဲ့ မလျော်ကန်တဲ့ အကျိုးစီးပွားဆက်နွှယ်မှုတွေ ဒါဟာ ရှိလာနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီပြင်ဆင်ချက်တွေဖြစ်တဲ့ အခန်း ၃ အပိုဒ် ၄၊ အပိုဒ် ၅၊ နောက်တစ်ခု အခန်း ၄ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈နဲ့ အခန်း ၅ အပိုဒ် ၉ တို့နဲ့ စပ်လျဉ်းပြီးတော့ ဒီ မူလ အဆိုပြုချက်ကို အခြေခံပြီးသာ ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ မိမိတို့ရဲ့ ခန္ဓာကိုယ်ကို သက်ဆိုး

တိုင်အောင် ရှက်ဆောင်နိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော် အခုပြင်ဆင်မှာကတော့ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်မှာ ဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါ ကျွန်တော် ခုနက စက်မှုဒီဇိုင်းမှာ ပြင်ဆင်ထားတဲ့ အတိုင်းပါပဲ။ ဒီမူပိုင်ခွင့်ဥပဒေတွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေပါတယ်။ ဆက်စပ်ပြီးတော့ ပြဋ္ဌာန်း ချက်တွေဟာလည်း တူညီတဲ့အတွက် တစ်ခုဆွေးနွေးရင် ကျွန်တော်တို့က ကျန်တဲ့ (၃)ခုပါ (၄)ခုစလုံးပါ ဆွေးနွေးရမှာဖြစ်တဲ့အတွက် ကျွန်တော်တစ်ခုချင်းစီအလိုက် ပြင်ထား ဆွေးနွေးရခြင်းလည်း ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်ဖြည့်စွက်ပြီးတော့ ကျွန်တော် ဒီအပတ်ဆွေးနွေးချင်တာကတော့ ခုနကျွန်တော် လူဦးရေ ပြင်ဆင်တဲ့ဟာကို ပြောထားပြီးတော့ မူလဥပဒေမှာ ဂဏန်းတွေရေးတဲ့အခါမှာ (၄)လို့ အက္ခရာ လေးဂဏန်းကို ရေးပြီးတော့ ကျွန်တော်က စာဖြင့် ငါးလို့ ကျွန်တော် ဒီလိုပြင်ခဲ့ခြင်း ရည်ရွယ်ချက် အကြောင်းကတော့ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ နောက်ပြီးတော့ အထူးသဖြင့် ကျွန်တော်တို့ ပြစ်မှု ပြစ်ဒဏ်တွေချတဲ့အခါမှာ  (၁)ကနေ (၉)အထိကို စာနဲ့ ရေးလေ့ရှိပြီးတော့ (၁၀)ကနေ အထက်ထိကို ဂဏန်းနဲ့ ရေးလေ့ရှိပါတယ်။ ဒါက ဥပဒေရေးထုံးကို ကျွန်တော် ပြင်ထားခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက ဂဏန်းတွေရေးတဲ့အခါမှာ ကျွန်တော်တို့ အကြိမ်တို့၊ ရက်တို့မှာလည်း ခွဲခြားသတ်မှတ်ထားတာရှိပါတယ်။ အကြိမ်ဆိုရင် ကျွန်တော်တို့ ပါဠိဂဏန်းနဲ့ ရေးပါတယ်။ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ဒသမအထိရေးတယ်။ ဒါဟာ ကျွန်တော်တို့ ဂဏန်းရေးတဲ့မူအရ ကျွန်တော် ပြင်ဆင်တာဖြစ်ပါတယ်။ ဒသမရေးတဲ့အခါမှာလည်း သ ကို ဿနဲ့ မဟုတ်ပဲနဲ့ သ တစ်လုံးတည်းသာ မှန်ကန်ကြောင်းလည်း ဒီလို မူတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဂဏန်းကို ကျွန်တော် စာသားနဲ့ ပြင်ရခြင်းလည်းဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော် ခုန ဆွေးနွေးပြီးသားဖြစ်ပါတယ်။ ထိုနည်း လည်းကောင်းပါပဲ။

ဒါက ကျွန်တော် ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ ဖြည့်စွက်ထားတာ ပုဒ်မ ၁၃(ဂ)မှာ ကျွန်တော် ဖြည့်စွက်ထားတာက နိုင်ငံတော်၏အမည်ကို အပြည့်အစုံ သို့မဟုတ် အတိုကောက် မြန်မာပေါ့။ နောက် Myanmar ပေါ့။ ဒီလို အတိုကောက်တွေဖြစ်စေ၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အမွန်အမြတ်ထား အပ်သော ယဉ်ကျေးမှုကိုဖြစ်စေ ထိပါးခြင်းဆိုပြီးတော့ ကျွန်တော် ဒါကို ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ ထိပါးခြင်းပုဒ်မမှာ ထည့်ထားခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ဖြည့်စွက်ပြီး ပြင်ဆင်ပြီးတော့ ကျွန်တော့်ကို ဖတ်ပေးရမှာပါ။ နောက်ဆုံး ထိပါးခြင်းဆိုတဲ့နေရာမှာ ကျွန်တော် ပုဒ်ထီး တစ်ချောင်းထဲ ချထားတာ ကျွန်တော်စာရိုက်မှားသွားတာဖြစ်ပါတယ်။ ဒါ ကျွန်တော် ပုဒ်မ ဖြစ်ပါတယ်။ တုတ်ချောင်း နှစ်ချောင်းချရမှာ ဖြစ်တဲ့အတွက် စာရိုက်တာမှားတဲ့ ကျွန်တော့်ကို ခွင့်လွှတ်ပြီးတော့ ပြင်ဆင်ပေးပါ။

ဘာလို့လဲဆိုတော့ ဥပဒေပြဋ္ဌာန်းတဲ့ ပုဒ်မတွေက ပုဒ်မ ချရမယ့် မူတွေရှိပါတယ်။ ကျွန်တော် ဒါ နောက်ဆုံး(ဂ)ဟာ ဒီ ပုဒ်မ ၁၃ ရဲ့ နောက်ဆုံးပုဒ်မ ဖြစ်တဲ့အတွက် နောက်ဆုံးစကားရပ်ရဲ့ နောက်ဆုံးမှာ ကျွန်တော် ပုဒ်မ တစ်ချောင်းတည်းချထားတာ စာရိုက်မှားသွားလို့ဖြစ်ပါတယ်။ ဒါ ပုဒ်မ နှစ်ချောင်းဖြစ်ပါတယ်။ ဒီမှာ ကျွန်တော် ထင်ယောင်ထင်မှား ဖြစ်စေခြင်းဆိုတဲ့ စကားကို အစားထိုးတာ ဖြစ်ပါတယ်။ ဒါက ကျွန်တော် အသစ်ဖြည့်စွက်ထားတဲ့ ပုဒ်မ ဖြစ်ပါတယ်။ ၁၃ရဲ့ (ည) မှာ ဖြစ်ပါတယ်။ ၁၃(ည)မှာ နိုင်ငံတော်၏ အပြည့်အစုံအမည်ကိုဖြစ်စေ၊ အတိုကောက်မြန်မာ အင်္ဂလိပ်လို Myanmar

ဖြစ်စေ တိုက်ရိုက်ကူးယူခြင်း၊ ဒီနေရာမှာလည်း ကျွန်တော့်ကို ပြင်ဆင်ပြီးတော့ ပုဒ်မချတာလေးကို ပြင်ဆင်ပြီးတော့ဖတ်ပေးပါလို့ ကျွန်တော် နောက်ထပ်မြန်မာဆိုတဲ့ နောက်ဆုံးဖြစ်စေဆိုတဲ့ နောက်ကချတဲ့ ပုဒ်မဟာ ကျွန်တော် ဒီမှာချရမှာမဟုတ်ပါဘူး။ ဟိုးအပေါ်က အမည်ကိုဖြစ်စေ ဆိုတဲ့နောက်မှာ ချရမှာ နောက်ဆုံးမှာချတဲ့ပုဒ်မကို ကျွန်တော်ကို ပယ်ဖျက်ပြီး ကြည့်ပေးပါ။ ဒီပုဒ်မ မှားတာဖြစ်ပါတယ်။ ဖြစ်စေတို့၊ လည်းကောင်းတို့နဲ့ ဆုံးတဲ့အခါမှာ ပုဒ်မတွေ တပ်တဲ့အခါမှာ နောက်ဆုံးမှာ ဆုံးတဲ့စာလုံးရဲ့ ဖြစ်စေ၊ လည်းကောင်းတို့ရဲ့နောက်မှာ ပုဒ်မချလေ့မရှိပါဘူး။ ဒါကို ပုဒ်မလွှတ်ထားတာတွေ မှုရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော် အခု ကျွန်တော် စာရိုက်မှားသွားတာ နောက်ဆုံးမှာချထားတဲ့ ပုဒ်မဟာ ဟိုးအရှေ့က နိုင်ငံတော်၏ အပြည့်အစုံလို့အမည်ကို ဖြစ်စေဆိုတဲ့နောက်မှာ ချရမယ့် ပုဒ်မဖြစ်ပါတယ်။ ကျွန်တော် ဒါကိုပြင်ဆင်ပြီးဖတ်ပေးပါလို့ ပြောပါတယ်။

ဒါက ကျွန်တော်အသစ်ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ လျှောက်ထားချက်ကို တစ်စောင်၊ မူလဥပဒေမှာ နှစ်စောင် သို့မဟုတ် နှစ်စောင်ထက်မပိုသော ဆိုတဲ့နေရာမှာ တစ်စောင်ထက် မပိုသော လို့ ကျွန်တော်က ပြင်ဆင်တာဖြစ်ပါတယ်။ တစ်စောင်ထက်မပိုလျှင် နှစ်စောင်ပဲ သေချာတယ်။ ဒါကြောင့်မို့ နှစ်စောင် သို့မဟုတ် နှစ်စောင်ထက်မပိုသော ဆိုသော စကားကို တစ်စောင်ထက်မပိုသော ဆိုတဲ့ စကားနဲ့ ကျွန်တော်က ချုံ့လိုက်တာ ဖြစ်ပါတယ်။ နောက်ဆုံးမှာ ပြင်ဆင်ရန် မှတ်ပုံတင်အရာရှိ သည်ဆိုတာ ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ နောက်ထပ် ကျွန်တော် စွန့်လွှတ်ခံရကြောင်းကို လျှောက်ထားသူက စာဖြင့် အကြောင်းကြားရမည်ဆိုတဲ့ဟာကို ဒီဟာ ဒါဟာ အကြောင်းကြားရုံတင် မဟုတ်ဘူး။ ဒီဟာ ကျွန်တော်တို့က အရေးကြီးပါတယ်။ တရားဝင် အကြောင်းကြားမှသာလျှင် စွန့်လွှတ် ခံရတဲ့သူဟာ ကျွန်တော်တို့ ဝတ်ကျေတမ်းကျေ ကျွန်တော်တို့ အကြောင်းကြားလို့မရပါဘူး။ ဒါက တရားဝင် ကျွန်တော်တို့ အကြောင်းကြားရပါမယ်။ အကြောင်းကြားမှသာလျှင် အကြောင်းကြားစာရပြီး သည့်နောက် ရက်ပေါင်း ဘယ်လောက်တွင်ဆိုတဲ့ ပြဋ္ဌာန်းချက်နောက်မှာရှိတဲ့အတွက် အကြောင်းကြား စာကို တရားဝင် အကြောင်းကြားရမှာဖြစ်တဲ့အတွက် စွန့်လွှတ်ခံရကြောင်းကို လျှောက်ထားသူက အကြောင်းကြားစာ ပို့ရမည်။ စာနဲ့ပို့ဖို့ ရည်ရွယ်ခြင်းဖြစ်ပါတယ်။ ဒါ နောက်ဆုံး Slide ဖြစ်ပါတယ်။ ဒါ ပြီးသွားပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ က ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ရပ်နားကြောင်းနှင့် အဋ္ဌမနေ့ အစည်းအဝေးဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၁း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]